# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁၃)ရက် ၊ အင်္ဂါနေ့ ၊ (22-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၈ ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၈ ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းတာဝန်များ သိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့်အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း(UN Peacekeeping Officer Course) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ပြုလုပ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စာမျက်နှာ ၁၉ ကော်လံ ၁**


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ ထုတ်လုပ်သော

ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ**

**စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀

အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်
အယ်ဒီတာ့အာဘော်

# နောင်ချိုဒေသခံပြည်သူများကို တပ်မတော်မှကူညီမှုကိုဂုဏ်ယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးဦးတည်ချက်တစ်ခုဖြစ်သော **"ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး"**ဟူသောအချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

နောင်ချိုမြို့ကို TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစတင်၍ မြို့နှင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့် တပ်ရင်း၊ တပ်ဖွဲ့၊ ဌာနချုပ်များကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းကြောင့် တပ်မတော်မှ ကွန်မန်ဒိုအဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကို အမြန်ဆုံးဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများပူးပေါင်းကာ မြေပြင်၊ ဝေဟင်ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့်နေရာများသို့ အကြမ်ဖက်ချေမှုန်းရေးစစ်ဆင်ရေးဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၆ ရက်ထိ စစ်ဆင်ရေးကာလ ၁၁ လအတွင်း နောင်ချိုမြို့တစ်မြို့လုံးကို တပ်မတော်က အပြီးတိုင်အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။

နောင်ချိုမြို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာစွာအားပေးကြိုဆိုလျက်ရှိပြီး ဒေသခံတိုင်းရင်းသားများနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ရေးအတွက် တပ်မတော်က မော်တော်ယာဉ်များစီစဉ်ပေးခြင်း၊ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ စီစဉ်ထောက်ပံ့ပေးခြင်း ၎င်းတို့၏ အသုံးအဆောင်ပစ္စည်းများကို ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းများနှင့် အခြားလိုအပ်သည့် ကူညီရေးလုပ်ငန်းများကို အားတက်သရောဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရာ ယာယီနေရပ်စွန့်ခွာပြည်သူများသည် ၎င်းတို့၏နေရပ်သို့ ပြန်လည်ဝင်ရောက်အခြေချနေထိုင်ကြရသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိနေကြသည်။

သို့ဖြစ်ရာ တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် နောင်ချိုမြို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ်လည်း နောင်ချိုမြို့ရှိ ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာစွာအားပေး ထောက်ခံကြိုဆိုလျက်ရှိသည်။ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင့်တလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံခိုင်မာစေရေးကို တပ်မတော်သားများက ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကာ စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ယာယီနေရပ်စွန့်ခွာဒေသခံ တိုင်းရင်းသားပြည်သူများ နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နိုင်ရေး ကူညီဆောင်ရွက်ပေးခဲ့သည့် တပ်မတော်သားများ၏ စွမ်းဆောင်မှုများကို လေးစားဂုဏ်ယူပါကြောင်း ရေးသားလိုက်ရပေသည်။

# ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၄၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၄၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၀၅၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၂၆၈၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၂၈၃၁၁ ဧက စုစုပေါင်း ၃၁၄၈၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ နှမ်း ၃၀၅၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၄၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ လက်ရှိလျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၂၁၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၂၆၈၆၉ ဧက စုစုပေါင်း ၃၀၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျောင်းကုန်းကျေးရွာအုပ်စု တောင်ပုလုကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသားအသင်းသူ ၈၉ ဦးကို ငွေကျပ် ၂၄ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ကျုံပျော်မြို့နယ်မှ ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်မှ ကွမ်းသီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ကွမ်းသီးခြောက်များ ဇူလိုင်လ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှ ထွက်ရှိသည့်ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ကျုံပျော်မြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေး ကောင်းမွန်ပါတယ်။ အခုလိုအရည်အသွေး ကောင်းမွန်နေလို့ ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတာပါ။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက် ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ ရောင်းချနေပါတယ်။ လက်ရှိ ကွမ်းသီးခြောက်တွေက အရင်ကထက်ရှားလာတဲ့အတွက် အဝယ်လိုက်နေတာဖြစ်ပါတယ်။ ကွမ်းသီးခြောက်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ ကွမ်းသီးခြောက်အရောင်းအဝယ်ကောင်းလာတော့ ကွမ်းသီးစိုက်သူတွေ၊ လုပ်သားတွေနဲ့ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်''ဟု ကျုံပျော်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ကွမ်းသီးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဒေသထွက်ကွမ်းသီးအစိမ်းများကိုဝယ်ယူပြီး ရောင်းတန်းဝင်သည့်အနေအထားထိ အခြောက်ခံကာ ပြန်လည်ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါ ဒေသတွင် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များထွက်ရှိပြီး ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လေးမျက်နှာမြို့နယ် ဇီးထောကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လေးမျက်နှာ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတ္တာကျေးရွာအုပ်စု ဇီးထောကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေပေးဝေရေး ကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းသွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇီးထောကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းကို ပြည်ထောင်စု ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများက ယခုနှစ် မေ ၁ ရက် က စတင်တာဝန်ယူ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း ပြောပြ၍ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဟန်မြိုင်-ဒေါ်မေသက်မော် မိသားစုက နေ့ဆွမ်းအတွက် ငွေကျပ် ၁၂၀၀၀၀၀၊ ရာသက်ပန်ဆွမ်းအလှူငွေကျပ် ၃၀၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၂၀၀၀၀၀ တို့ကို လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၉၃၈၅ ကေစိုက်ပျိုးရန်လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၂၉၃၈၅ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံစုံ ၂၈၀၂၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံအလိုက် လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟုပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံစိုက် တောင်သူများကို တစ်ကေ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကိုက်ကျေးရွာအုပ်စု အနီးကိုက်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး အနီးကိုက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၉၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အနီးကိုက်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၁၀၃ ဦးကိုရန်ပုံငွေကျပ် သိန်း ၅၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငှက်ပျောသီးအစုံအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက ငှက်ပျောသီးအစုံ အဖီးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဇွန်လအတွင် တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများသည် ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စသည့် ငှက်ပျောသီးဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့တဲ့ဇွန်လထဲမှာ ငှက်ပျောသီးဖီးရေ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုများပြားခဲ့ပါတယ်။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ပြည်တွင်းမှာကို ငှက်ပျောသီးတွေက အရောင်းအဝယ်ကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်ရှိ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများသည် ဖီးကြမ်း အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၇၀၀၀၊ သီးမွှေးငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်စွယ်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ငှက်ပျောသီးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ၊ ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# တောင်တွင်းရှင်ငြိမ်းမယ်နှင့် အိုင်ချင်းကဗျာ

ပြေအေးသက်

အိုင်ချင်းကဗျာအကြောင်း ပြောရမည်ဆိုလျှင် ရှင်ငြိမ်းမယ်ကို ချန်လှပ်ထား၍ ရမည်မထင်မိချေ။ အဲချင်းတွင် ဦးယာနှင့် မယ်ခွေ၊ အန်ချင်းတွင် ရဝေရှင်ထွေးတို့ကဲ့သို့ အိုင်ချင်းတွင်လည်း တောင်တွင်းရှင်ငြိမ်းမယ်သည် ထိပ်ခေါင်ကပင်ဖြစ်သည်ဟု ဆိုရပေမည်။ ရှေးသုတေသီတို့ ရှာဖွေတွေ့ရှိသော အိုင်ချင်း ၃၁ ပုဒ်တွင် တောင်တွင်းရှင်ငြိမ်းမယ်က ၁၂ ပုဒ်၊ ရာဇာဓိရာဇ်ကတော်ဟု ယူဆရသူက တစ်ပုဒ်၊ မောင်ချင်းဖြူ တစ်ပုဒ်၊ လက်ဝဲသုန္ဒရ နှစ်ပုဒ်၊ လေးထောင်မောင်လှ တစ်ပုဒ်၊ ကင်းဝန်မင်းကြီး တစ်ပုဒ်နှင့် အမည်မသိစာဆိုများက ၁၃ ပုဒ်ဖြစ်ကြောင်းတွေ့ရှိရသည်။ ရှင်ငြိမ်းမယ်၏ အိုင်ချင်း ၁၂ ပုဒ်သည်လည်း ကဗျာကိုသာတွေ့ရှိရပြီး ရေးသူအမည်မသိဖြင့် ရှင်သန်ခဲ့ရာ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ဆရာဦးဆန်းထွန်း(ဆန်းထွန်း မန်းတက္ကသိုလ်)က ဗန်းမော်ကျောင်းတိုက် အရှင်နာယကထေရ်ထံတွင် "ရှေးအဲဟောင်းစု မိန်းမဆို" ဟူသော ခေါင်းစဉ်ပါ ရှေးဟောင်းပုရပိုက်တစ်ဆူကိုတွေ့ရှိပြီး အိုင်ချင်း ၁၂ ပုဒ်၏စာရေးသူမှာ တောင်တွင်းရှင်ငြိမ်းမယ်ဖြစ်သည်ဟူသော အထောက်အထားအတိအကျရရှိခဲ့ပေသည်။

### တောင်တွင်းရှင်ငြိမ်းမယ်နှင့် အိုင်ချင်း ၁၂ ပုဒ်

တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်း ၁၂ ပုဒ်မှာ ဆီမလူးတဲ့ ပေဖူးလွှာ၊ စစ်မှာတစ်မူ၊ မောင့်ကိုလွမ်းတော့၊ မောင်တို့ပျော်နေ တောမြိုင်ခြေ၊ နှမထွေးမယ့်ကိုလိုလျှင်၊ မှာပဲ့မယ်မောင်၊ စိတ်နေမြင့်သူ၊ သမက်လောင်း၊ ညှင်းကို ဘယ်ကပွားပါလိမ့်၊ မပန်သာသည်၊ ရေလိုခန်းခြောက်ပါစေနှင့် အမယ်ကြီးနှင့် ဘကြီးဖျက်လို့ တို့ဖြစ်ကြသည်။ ရှင်ငြိမ်းမယ်ရေးသားစပ်ဆိုခဲ့သည့် အိုင်ချင်း ၁၂ ပုဒ်မှာ ရာပြည့် အိုင်ချင်းများဖြစ်ကြပြီး သုံးထောင့်အရပ်က ရေးဖွဲ့သည်ဟုယူဆရသည့် သုံးထောင့်အိုင်ချင်းတို့မှာ ၁၁၀၀ ပြည့်နှစ်တွင်ဖွဲ့ဆိုသည့် ရာပြည့်အိုင်ချင်းများထက် ခေတ်ပြိုင် သို့မဟုတ် ခေတ်အတန်ငယ်စောနိုင်သည့်အခြေအနေတွင် ရှိကြသည်ဟုဆိုကြသည်။ ကျန်ရှိနေသည့် အိုင်ချင်းတစ်မျိုးမှာ ကုန်းဘောင်ခေတ်ဘက်တွင် ပေါ်ပေါက်သည့် ဆယ့်နှစ်ရာသီဘွဲ့ အိုင်ချင်းဖြစ်သည်။ ရာပြည့်အိုင်ချင်းစပ်ဆိုခဲ့သူ ရှင်ငြိမ်းမယ်သည်ပင် ညောင်ရမ်းခေတ်နှောင်းပိုင်း ၁၁၀၀ ပြည့်နှစ်ခန့်တွင် ပေါ်ပေါက်ခဲ့သောစာဆိုရှင်ဟု သတ်မှတ်ကြခြင်းဖြစ်သည်။

### အိုင်ချင်း သုံးမျိုးနှင့် အိုင်ချင်းသဘောသဘာဝ

အိုင်ချင်း သုံးမျိုးဖြစ်သည့် သုံးထောင့်အိုင်သည် အရပ်ဒေသကိုစွဲ၍ ခေါ်သည့်အမည်ဖြစ်ပြီး ရာပြည့်အိုင်သည် ခုနှစ်၊ သက္ကရာဇ်ကိုစွဲ၍ ခေါ်သော အိုင်ချင်းဖြစ်ကာ ဆယ့်နှစ်ရာသီဘွဲ့အိုင်ချင်းသည် ရာသီကိုစွဲ၍ ခေါ်ဝေါ်သောအိုင်ချင်းဖြစ်သောကြောင့် ဒွေးချိုး၊ တြိချိုး၊ လေးချိုး စသည့်ကဗျာများကဲ့သို့ စပ်ဆိုရေးဖွဲ့မှုဆိုင်ရာ အမည်နာမများမဟုတ်ချေ။ သို့သော်လည်း အိုင်ချင်းဆိုသည်မှာ ထူးခြားသော ဝိသေသရှိကာ အသံအိုင်အိုင်၊ အသံမြိုင်မြိုင်နှင့် သံပြိုင်သီဆိုရသော ကဗျာမျိုးဖြစ်သောကြောင့် အိုင်ချင်းဟုခေါ်ဆိုကြခြင်းဖြစ်သည်။ ထို့ပြင် "အိုင်အိုင်ရင့်ကျူး၊ နှလုံးနူးအောင်"ဆိုသည့် ဆုတောင်ခန်းကဗျာတွင်ပါသည့်အတိုင်း သူတစ်ပါးစိတ်နှလုံးကို ကြည်နူးစေတတ်သောအသံကို "အိုင်"ဟုခေါ်သည်။ ထိုအသံမျိုးဖြင့် သီဆိုရန် စီစဉ်ဖွဲ့နွဲ့တတ်သော သီချင်းမျိုးဖြစ်၍ "အိုင်ချင်း" ဟုလည်း ခေါ်ဆိုကြသည်။ ဤသီချင်းသံကြားရလျှင် မျက်ရည်များ ဖြိုင်ဖြိုင်စီးဆင်းလာစေတတ်သော သတ္တိကြောင့်လည်း "အိုင်ချင်း"ဟု ခေါ်ဆိုကြကြောင်း ဆိုကြပြန်သည်။

မြန်မာအဘိဓာန်တွင် "အိုင်"ကို "အသံကျယ်စွာ မြည်သည်"ဟုဖွင့်ဆိုထားပြီး စိန္တကျော်သူ ဦးဩ၏ ကဝိလက္ခဏာ သတ်ပုံသံပေါက်တွင် "စည်ကြီး ထိန်းထိန်း၊ စာမုဒိန်း၊ ဟိန်းဟိန်းမြည်သံအိုင်"ဟု ဖွဲ့ဆိုထားသည်ကိုတွေ့ရှိရသဖြင့် အသံအိုင်သည် ဆိုသည်မှာ အသံဟိန်းသည်ဟူ၍ သိနိုင်ပေသည်။ ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင်လည်း "သံအိုင်ခြိမ်းမောင်း"ဟု ဆိုထားသည့်အတွက် အိုင်ချင်းကဗျာသည် လူအများစုပေါင်းပြီး မြိုင်မြိုင်ဆိုင်ဆိုင် အသံကျယ်ကျယ်မြည်အောင် သံပြိုင်သီဆိုရသည့် သီချင်းကဗျာမျိုးဖြစ်သည်။

ထို့ပြင် အိုင်ချင်းများသည် ပထမအင်းဝခေတ်ကပင် စတင်ပေါ်ခဲ့ရာ ကောက်စိုက်သူတို့ ဆိုကြသော အိုင်ချင်းများကို တွေ့ရသည်ဟုဆိုကြသည်။ ဤသို့

> ❖ရှင်ငြိမ်းမယ်၏ အိုင်ချင်း ၁၂ ပုဒ်သည်လည်း ကဗျာကိုသာ တွေ့ရှိရပြီး ရေးသူအမည်မသိဖြင့်ရှင်သန်ခဲ့ရာ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ဆရာဦးဆန်းထွန်း(ဆန်းထွန်း မန်းတက္ကသိုလ်)က ဗန်းမော်ကျောင်းတိုက် အရှင်နာယကထေရ်ထံတွင် "ရှေးအဲဟောင်းစု မိန်းမဆို" ဟူသော ခေါင်းစဉ်ပါ ရှေးဟောင်းပုရပိုက်တစ်ဆူကို တွေ့ရှိပြီး အိုင်ချင်း ၁၂ ပုဒ်၏စာရေးသူမှာ တောင်တွင်းရှင်ငြိမ်းမယ် ဖြစ်သည်ဟူသော အထောက်အထားအတိအကျရရှိခဲ့ပေသည်။❖

တောရွာကျေးလက်တွင်ဖြစ်ပျက်သော အကြောင်းအရာများကိုဖွဲ့နွဲ့ကာ ဆက်လက်ရှင်သန်လာခဲ့သော အိုင်ချင်းကဗျာသည် တောဓလေ့၊ တောဘွဲ့ကဗျာစစ်စစ်ဖြစ်ပြီး အသံရောဟန်ရော တောသံပါနေသည့် တောရနံ့သင်းနေသော ကဗျာမျိုးဖြစ်သည်။ အိုင်ချင်းတွင် အမျိုးသမီးတို့၏ ပြောဟန်ဆိုဟန်များကို အထောက်အထားပြုထားရာ အိုင်ချင်းသည် အမျိုးသမီးများကို သီးခြားဖွဲ့စပ်သော အမျိုးသမီးကဗျာမျိုးဟု ဆိုကြသော်လည်း ထိုစဉ်ခေတ်ကာလကပင် အမျိုးသားများကလည်း အမျိုးသမီးများကဲ့သို့ အစချီကာ ဖွဲ့စပ်ကြကြောင်းတွေ့ရှိရလေသည်။ ဥပမာအားဖြင့် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းများတွင် "ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မတို့လေ"ဟု အစချီကြလျှင် လက်ဝဲသုန္ဒရဦးမြတ်စံ၏ အိုင်ချင်းကဗျာ နှစ်ပုဒ်သည်လည်း "ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မတို့လေ"နှင့် "သူငယ်ချင်းကောင်း၊ ယောက်မတို့လေ"ဟုပင် အစချီထားသည်ကို တွေ့ရှိရသည်။

မောင်ချင်းဖြူ၊ လေးထောင်မောင်လှနှင့် ကင်းဝန်မင်းကြီးတို့၏ အိုင်ချင်း တစ်ပုဒ်စီတွင် အစချီအပိုဒ်ကို ချန်လှပ်ကာ စပ်ဆိုထားကြကြောင်းတွေ့ရှိရသည်။ အမည်မသိစာဆိုတို့၏ အိုင်ချင်း ၁၃ ပုဒ်တွင်လည်း "ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောက်မတို့လေ"နှင့် အစချီထားသည်မှာ အိုင်ချင်းကဗျာ တစ်ပုဒ်တွင်သာတွေ့ရှိရပြီး ကျန်အပုဒ်တိုင်းလိုလိုပင် အစချီအပိုဒ်ကိုချန်လှပ်ကာ စပ်ဆိုကြကြောင်း တွေ့ရှိရသည်။ မည်သို့ပင်အစချီစေကာမူ အဆုံးသတ်တွင် "လေ"၊ "လေး"၊ "ရှင်"၊ "တော်"တို့ဖြင့် ရှင်ငြိမ်းမယ်က အဆုံးသတ်ထားလေသည်။ ကျန်သူအများစုသည်လည်း"လေ"၊ "လေး"ဖြင့် အဆုံးသတ်ကြလေသည်။ အိုင်ချင်း၏ အခြားထူးခြားချက်တစ်ရပ်မှာ ကာရန်ဖွဲ့စပ်ပုံကိုကြည့်၍တေးထပ်သံ၊ ဘောလယ်သံတို့ကဲ့သို့ တစ်မျိုးတည်းမဟုတ်ဘဲ တစ်ပုဒ်လျှင် တေးသံတစ်မျိုးဖြစ်နေပေသည်။

### နှမထွေး မယ့်ကိုလိုလျှင်

နှမထွေး မယ့်ကိုလိုလျှင်ဆိုသည့် တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းကဗျာတွင် အပိုဒ် ရှစ်ပိုဒ်ဖြင့် ဖွဲ့စည်းထားပြီး သွယ်ဝိုက်၍ မထိတထိ စောင်းပါးရိပ်ခြည်ပြောတတ်ခြင်းကို တွေ့ရှိရသည်။ ကဗျာအစပိုင်းတွင် အိမ်၏တည်နေရာကိုပြောလာပြီး နိဂုံးပိုင်းတွင် "မိဿလင်နှင့်၊ ချင်းကိုလိုလျှင် ဝါဆိုငယ်မှ ဝါဦး၊မြေနူးနူးကို၊တူးလှည့်ပါရှင်။ မိဿလင်နှင့်၊ ချင်းကိုမလို၊ နှမထွေးမယ့်ကိုလိုလျှင်၊ တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကိုခူးလှည့်ပါရှင်။" ဟုဖွဲ့ဆိုထားရာ "မြေနူးနူး" ဆိုသည့်ဝေါဟာရလေးကို တစ်ခါပြီးတစ်ခါ ရွတ်မိရင်း နှမထွေးအိမ်ကို သွားချင်စိတ်ပေါ်လာအောင် ရေးဖွဲ့ထားသည်မှာ ကြည်နူးဖွယ်ရာကောင်းလှပေသည်။

### အမယ်ကြီးနှင့် ဘကြီးဖျက်လို့

တောင်တွင်းရှင်ငြိမ်းမယ်၏ အမယ်ကြီးနှင့် ဘကြီးဖျက်လို့ အိုင်ချင်းကဗျာထဲတွင် သင်္ကေတများကို ထည့်သွင်းသုံးစွဲထားပေရာ "ငှါကိုလွယ်၊ အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေချလျက်။ ဖျက်နဲ(နည်း)ငယ်မှ စေ့စုံ"ဟူ၍ ဖွဲ့ဆိုထားရာ ဆူးမှာ အိမ်၏ထောင့်လေးထောင့်၊ ဂဠုန်မှာ လေ့ကားခုံ၊ ဘီလူးမှာ လေ့ကားဦး၊ ဆူးလေမှာ လေ့ကားခြေ၊ နွားရိုင်းမှာ အိမ်တံတိုင်း၊ ခါးသွားမှာ ထရံကြား၊ အပ်သွားမှာ အိမ်ကြမ်းကြား၊ လုံထောင်မှာ အိမ်မိုးခေါင်ဖြစ်၍ အတားအဆီးများဖြစ်သော ဆူး၊ ဂဠုန်၊ ဘီလူး၊ ဆူးလေ၊ နွားရိုင်း၊ ခါး၊ အပ်နှင့် လုံတွင် သက်ရှိ သုံးမျိုးနှင့် သက်မဲ့ ငါးမျိုးပါဝင်သည်ကို တွေ့ရှိရသည်။ သက်ရှိသုံးမျိုးသည် ကြောက်မက်ဖွယ်ကောင်းသလို သက်မဲ့ငါးခုမှာလည်း ချွန်မြ၍ ထက်နေသောအရာများဖြစ်ရာ သမီးပျိုအတွက် လုံခြုံရေးဆိုင်ရာ အစောင့်အရှောက်မှာ စေ့စပ်သေချာလှပေသည်ကို တွေ့ရှိရသည်။ ထိုအခါ အဆိုပါအိုင်ချင်းကဗျာ၏အသက်ဖြစ်သော မိန်းမပျိုကိုသွားတွေ့မည့်မောင်ကြီးသည် လုံခြုံရေးတင်းကျပ်နေသဖြင့် သွားမတွေ့တော့ဘဲ ရွာလယ်ခုတင်ကြီးတွင် စောင်းတီးနေကြောင်း ရေးဖွဲ့ထားသည်မှာ စာဖတ်သူကို မြင်ယောင်မိစေသည်။

### ဆီမလူးတဲ့ ပေဖူးလွှာနှင့် စစ်မှာတစ်မူ

ဆီမလူးတဲ့ ပေဖူးလွှာနှင့် စစ်မှာတစ်မူဆိုသည့် အိုင်ချင်း နှစ်ပုဒ်ကို ဖတ်မိသည့်အခိုက်တွင် ရဲရင့်သည့် ဝီရရသကို ခံစားရမိပေသည်။ အကြောင်းမှာ ထိုခေတ် ထိုအခါဖြစ်သော ညောင်ရမ်းခေတ်နှောင်းပိုင်း ဟံသာဝတီရောက်မင်းလက်ထက်တွင် ကသည်းကလည်း ထကြွနေ၍ စစ်ချီရပုံဖြစ်သော ဆီမလူးတဲ့ ပေဖူးလွှာတွင် "မြင်းမနီသား၊ မြင်းကျားခွာမည်း၊ တစ်လုံးတည်းနှင့်၊ အုံးလွှပစ်တင်၊ တိမ်မိုးမည်းနှင့်၊ ကသည်းစစ်သို့၊ နှစ်မည်ဝင်သည်"ဟု စပ်ဆိုထားသည်။ စစ်မှာတစ်မူတွင် "သူများမောင်မှာ၊ စစ်သံကြားလျှင်၊ နာဖျားဥပါယ်ခိုကြတယ်။ နှမလေးမယ်တို့မောင်မှာ၊ စစ်သံကြားလျှင်၊ ရွှေခါးပိုက်ကာ၊ အိုးစားဖက်ကိုလိုက်လို့ရှာသည်၊ ရိက္ခာကနည်း၊ မိုးကသည်းနှင့်၊ သံတွဲကို ကူးပါလိမ့်မလားတော်။" "မြင်းမှာအုန်းခွံ၊ ကျွန်မှာကုလား၊ ခါးမှာမိုးကြိုး၊ ယွန်းပုဆိုးနှင့်၊ အိုးစားဖက်စုံ၊ စစ်သည်ပုံမှာ၊ ကျွန်ယုံစားမို့၊ မောင်ကလေးငယ်၊ မောင်သာလိုက်တဲ့၊ တောင်ပတ်လည်နှင့်၊ ဇင်းမယ်ဆိုသည်၊ ညိုတဲ့မြို့မှာ၊ ပျို့လွမ်းဖွယ်လေး" ဟူ၍ ဖွဲ့ဆိုထားရာ တိုင်းပြည်အတွက် အရေးအရာပေါ်ချိန်တွင် လူငယ်လူရွယ်များအနေဖြင့် ရှောင်မပုန်းနေတော့ဘဲ အိုးစားဖက်ကိုရှာကာ ခါးဆွဲထွက်ပုံကို ရေးဖွဲ့ထားပေသည်။

### အိုင်ချင်းကဗျာဖွဲ့မည်

အိုင်ချင်းကဗျာ ရေးစပ်နည်းကို ပုပ္ပားဦးကျော်ရင်က ကဝိဘာရတီကျမ်းတွင် "အစငါးလုံး၊ ရေးစီကုံး၊ ရှစ်လုံးနောက်တစ်ဖြာ၊ ငါး ခြောက် ခုနစ် ခရာဖြစ်၊ ဓိစစ်အိုင်ချင်းမှာ" ဟူ၍ ဆိုထားသည်။ အစတွင် ငါးလုံးရှိသော အပိုဒ်ဖြင့်ချီပြီး နောက်၌ အက္ခရာငါးလုံး၊ ခြောက်လုံးရှိသောအပိုဒ်၊ အချပိုဒ်နှင့်တူသော ခုနစ်လုံးရှိသည့်အပိုဒ်တို့ကို လှည့်ကာလှည့်ကာ ရေးရသည်။ နောက်ဆုံးအချမှာ အက္ခရာလေးလုံးဖြင့် ချရမြဲဖြစ်သည်ဟု ဆိုလိုသည်။ ဓမ္မာစရိယဦးထွန်းရွှေ၏ ကဗျာစွယ်စုံကျမ်းတွင် ရတု၊ ရကန်တို့ကဲ့သို့ ပုံသေဖွဲ့နည်းမရှိဘဲ ပြန်ကဟပ်စပ်နည်းဖြင့် အဖွဲ့အပြုများကြောင်းနှင့် နမူနာအိုင်ချင်းများကို လေ့လာကာ ရေးစပ်သွားကြရမည်ဟုဆိုသည်။ အိုင်ချင်းကဗျာရေးဖွဲ့မှုနှင့်ပတ်သက်၍ ပြန်ချုပ်ကြည့်ပါက ကဗျာအစတွင် အာလုပ်သံဖြင့် အစချီကာ ကဗျာတစ်ပါဒနှင့် တစ်ပါဒကို လေးလုံးစပ်ကာရန်စနစ်ဖြင့် ချိတ်ဆက်ထားပြီး ပြန်ကဟပ်၊ ခြသေ့်လည်ပြန်၊ အခံအအုပ်တို့အပြင် အစပ် ခြောက်ပါး၊ နဘေ ရှစ်ပါးတို့ဖြင့် ရောယှက်ကာဖွဲ့စပ်ပြီး အဆုံးသတ်တွင် "လေ"၊ "လေး"တို့ဖြင့် အဆုံးသတ်ရပေမည်။

### တောင်တွင်းရှင်ငြိမ်းမယ်

တောင်တွင်းရှင်ငြိမ်းမယ်၏ အိုင်ချင်းကဗျာ ၁၂ ပုဒ်ကို လေ့လာခဲ့ရာဝယ် အတွေးအခေါ်ရှင်းရှင်း၊ အရေးအဖွဲ့ရှင်းရှင်းဖြင့် သာမန်လူများနားလည်လွယ်အောင် ရေးဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ အဆိုပါအိုင်ချင်း ၁၂ ပုဒ်မှာ သာမန်ဆင်းရဲသားလူတန်းစားတို့၏ အကြောင်းကိုသာ ဖော်ပြထားပေသည်။ သို့ပါ၍ သူ၏အိုင်ချင်းများသည် သူ့ဘဝကိုပင် သူမှတ်တမ်းတင်ခဲ့သလားဟုပင် ထင်မှတ်ကြရပေသည်။ ရှင်ငြိမ်းမယ်သည် မိမိပတ်ဝန်းကျင်တွင်မြင်တွေ့ဖြစ်ပေါ်နေသည့်အကြောင်းခြင်းရာများကို မှတ်တမ်းမှတ်ရာအဖြစ် သူ၏အိုင်ချင်းများတွင် အသက်သွင်းခဲ့ဟန်လည်း တူပေသည်။ သူ၏အိုင်ချင်းကဗျာများသည် ကျေးလက်နေပြည်သူတို့၏ ဘဝကို ထင်ဟပ်စေသော ကဗျာအဖွဲ့အနွဲ့ဖြစ်ကာ မြန်မာ့ကဗျာရတနာတစ်ပါးလည်းဖြစ်သော အိုင်ချင်းအဖွဲ့အနွဲ့များသည် ထိုခေတ် ထိုကာလက သမိုင်းကိုလည်း ပြဆိုနေကြပေသည်။ ထို့ကြောင့်ပင် အတိတ်ကာလက မြန်မာ့ကဗျာအဖွဲ့များကို ရှာဖွေဖော်ထုတ်ကာ မြန်မာ့စာပေအကျိုးကို ဆတက်ထမ်းပိုးတိုးတက်အောင် တန်ဖိုးမြှင့်ကြိုးပမ်းကြပါစို့ဟု ရည်ရွယ်ကာ ရေးသားလိုက်ရပေသည်။

### ကိုးကား


၁။ ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း
၂။ ကိုရွှေသိမ်းမင်း၏ ပန်းရွှေပြည်ရေးကဗျာစု-၁
၃။ ဒေါ်မိမိလေး၏ အမျိုးသမီးစာဆိုလောကနှင့် ဘဝကြေးမုံ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၅၅၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင်းမြ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၄၅၅၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၁၄၂၉၁ ဧကစိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၄၅၁၉၉ ဧက၊ ကြံဧက ၂၀၊ ပိန်းဥ ၅၂ ဧက၊ ဟင်းသီးဟင်းရွက် ၃၀၁ ဧက စုစုပေါင်း ၄၅၅၇၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ဝါးခယ်မမြို့နယ်အတွင်း သီးနှံစုံ ဧက ၂၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ သီးနှံစုံ ဧက ၄၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သီးနှံတွေလျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ မိုးသီးနှံတွေထဲမှာတော့ စပါးကို အများဆုံး စိုက်ပျိုးနေပါတယ်။ စိုက်ဖို့ကျန်တဲ့ သီးနှံတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် စပါးအပါအဝင် မိုးသီးနှံများစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေး၊ မျိုးစေ့ရွေးချယ်မှု မှန်ကန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးစသည့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဘုတ်ပြင်းမြို့နယ် အေးချမ်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဘုတ်ပြင်း ဇူလိုင် ၂၁

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ ဘုတ်ပြင်းမြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အေးချမ်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အေးချမ်းမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးကို ရန်ပုံငွေကျပ် ၃၅ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိမ့်ပိုးပိုး**

## လမ်းမှန်မမြင်သူ

\- အကန်းအသွင် လမ်းမမြင်ကြ
ပန်းအသွင်မလှ သုံးမျိုးလူ၊
လောကတွင် ရှိကြလို့
သိကြတစ်မူ၊
"အတ္တကြီးမား" စီးပွားထူ
ကြီးပွားသူ လူတချို့၊
ငါ့ဖို့သာ ငါကြည့်ကြ
ငါသာရှိဖို့။

\- နေရာတကာ "သံသယ"နှင့်
အကြံမလှ ကြည့်တတ်ပေ၊
လူတိုင်းကို အထင်မြင်သေး
တွေးတောလို့လေ၊
ဆွေသားကိုလည်း အမုန်းခြွေ
အမှန်မမြင်ပေ သည်လူသား၊
စိတ်သန္တာန် အတွင်းပိုင်းက
နှိုင်းပြအခါး။

\- အသိပညာ "ဉာဏ်နည်းပါး"
အလွဲအမှား ပြုတတ်သူ၊
တွေးတောကာ မသုံးသပ်ဘဲ
တုံးလျက်ဉာဏ်ထူ၊
ဆင်ခြင်တုံတရား သတိမမူ
ဉာဏ်မကူ ထိုလူသား၊
မထင်ပေါ် မတိုးတက်
ပျက်ကြစီးပွား။ ။

**ပန်းမာလာ**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည် တည်ဆောက်မှုလုပ်ငန်း တရုတ်စတင်

ပေကျင်း ဇူလိုင် ၂၁

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည် စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ယနေ့တွင် ကြေညာလိုက်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ညံ့ချီမြို့၌ကျင်းပသည့် စီမံကိန်းပန္နက်ချပွဲတွင် ဆည်တည်ဆောက်မှုလုပ်ငန်း စတင်ကြောင်းကို တရုတ်ဝန်ကြီးချုပ်က ကြေညာခဲ့ခြင်းဖြစ်သည်။

တိဗက် ကုန်းမြင့်ဒေသ ယာလောင်းကျန်းဘိုမြစ်အောက်ပိုင်း၌တည်ဆောက်မည့် အဆိုပါ ရေအားလျှပ်စစ် ထုတ်လုပ်ရေး ဆည်စီမံကိန်းမှာ ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ဘီလီယံ ၁၇၀ထိရှိနိုင်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးပါက အဆိုပါ ရေအား လျှပ်စစ်ထုတ်လုပ်ရေး ဆည်သည် နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီပေါင်း ဘီလီယံ ၃၀၀ထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

သို့ရာတွင် တရုတ်နိုင်ငံ၏ အဆိုပါ ဆည်စီမံကိန်းကြောင့် ယာလောင်းကျန်းဘိုမြစ်အောက်ပိုင်းနိုင်ငံများမှ ပြည်သူသန်းပေါင်းများစွာတို့အတွက် ဆိုးကျိုးသက်ရောက်မှုရှိလာမည့် အရေးကို အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က စိုးရိမ်လျက်ရှိသည်။

ယာလောင်းကျန်းဘိုမြစ်သည် တိဗက်ဒေသမှ ထွက်ခွာလာပြီးနောက် ဗြဟ္မပုတ္တရမြစ်အဖြစ် အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများကို ဆက်လက်ဖြတ်သန်းစီးဆင်းနေသည့်မြစ် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# အင်ဒိုနီးရှား၌ ကူးတို့သင်္ဘောမီးလောင်မှုဖြစ်ပွား သုံးဦးသေဆုံးပြီး ၅၆၀ ကျော်ကို ကယ်တင်နိုင်

ဂျကာတာ ဇူလိုင် ၂၁

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ် ကမ်းလွန်၌ ဇူလိုင် ၂၀ ရက်မွန်းလွဲပိုင်းက ခရီးသည်တင် ကူးတို့သင်္ဘောတစ်စီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကေအမ်ဘာစီလိုနာအမည်ရှိ အဆိုပါခရီးသည်တင် ကူးတို့သင်္ဘောသည် တားလေ့ဒ်ကျွန်းစုဆိပ်ကမ်းမှ မြောက်ဆူလာဝေစီပြည်နယ်မြို့ဖြစ်သည့် မာနာဒိုမြို့သို့မောင်းနှင်နေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကေအမ်ဘာစီလိုနာ ကူးတို့သင်္ဘောမီးလောင်မှုတွင် လူပေါင်းသုံးဦးသေဆုံးခဲ့ရသော်လည်း ကျန်လူပေါင်း ၅၆၈ ဦးကို အင်ဒိုနီးရှား ကယ်ဆယ်ရေး သမားများက ကယ်တင်နိုင်ခဲ့သည်။

ကေအမ်ဘာစီလိုနာသင်္ဘောသည် လူပေါင်း ၆၀၀ထိတင်ဆောင်နိုင်သောကူးတို့ရေယာဉ်ဖြစ်သည်။


ကေအမ်ဘာစီလိုနာ ကူးတို့သင်္ဘောမီးလောင်မှုကိုအင်ဒိုနီးရှား မီးသတ်သင်္ဘောများက တစ်နာရီအတွင်း ငြိမ်းသတ်နိုင်ခဲ့သည်။

ကျွန်းပေါင်း ၁၇၀၀၀ ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၌ ရေကြောင်းခရီး သုံးစွဲမှုများပြားသည်နှင့်အမျှ ရေကြောင်းမတော်တဆမှုများလည်း အဖြစ်များကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရုတ်-အီးယူ ထိပ်သီးညီလာခံကို ယခုရက်သတ္တပတ်အတွင်း ပေကျင်းမြို့၌ ကျင်းပမည်



ပေကျင်း ဇူလိုင် ၂၁

ဥရောပသမဂ္ဂ(အီးယူ)နှင့်တရုတ်တို့ကြား ထိပ်သီးညီလာခံတစ်ရပ်ကို ယခုရက်သတ္တပတ်အတွင်း ပေကျင်းမြို့၌ ကျင်းပမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယိုကော့စတာတို့သည် ယနေ့တွင် တရုတ်နိုင်ငံသို့ရောက်ရှိမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့ အနေဖြင့် ယင်းနေ့မှာပင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ယင်းအပြင် ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့သည် ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည့် ၁၅ ကြိမ်မြောက် တရုတ်-အီးယူ ထိပ်သီးဆွေးနွေးပွဲ၌ တရုတ်ဝန်ကြီးချုပ် လီချန်းလည်း ပါဝင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးလောက တင်းမာမှုများ ပြင်းထန်နေချိန်တွင် အီးယူနှင့် တရုတ်တို့က ထိပ်သီးဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများ မရေမရာဖြစ်နေချိန်တွင် တရုတ်နိုင်ငံနှင့် အီးယူတို့သည် ကုန်သွယ်ရေးအငြင်းပွားမှုများကို ဖြေရှင်းရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# Air India ခရီးသည်တင်လေယာဉ် မွမ်ဘိုင်းလေဆိပ်၌ ပြေးလမ်းချော်မှုဖြစ်ပွား

မွမ်ဘိုင်း ဇူလိုင် ၂၁

Air India လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းသည် ယနေ့တွင် မွမ်ဘိုင်းနိုင်ငံတကာလေဆိပ်သို့ အဆင်းတွင် ပြေးလမ်းချော်ခဲ့ရသည်။

အဲဘတ်စ်အေ-၃၂၀ အမျိုးအစားယင်း ခရီးသည်တင်လေယာဉ်သည် မိုးသည်းထန်စွာရွာသွန်းနေချိန်ဆင်းသက်ရန် ကြိုးစားစဉ် ပြေးလမ်းချော်ခဲ့ရခြင်းဖြစ်ကြောင်း Air India လေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

လေယာဉ်ပြေးလမ်းချော်ထွက်မှုဖြစ်ပွားခဲ့ရပြီးနောက် ခရီးသည်အားလုံးနှင့် လေယာဉ်အမှုထမ်းများကို ရွှေ့ပြောင်းခေါ်ထုတ်ပေးနိုင်ခဲ့ကြောင်း မွမ်ဘိုင်းနိုင်ငံတကာလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သို့ရာတွင် ပြေးလမ်းချော်ထွက်မှုကြောင့် အဲဘတ်စ်အေ-၃၂၀ ခရီးသည်တင်လေယာဉ်၏ အင်ဂျင်များအနက် တစ်လုံးပျက်စီးခဲ့ရကြောင်း သိရသည်။

လေဆိပ်သို့ အဆင်းတွင် ယင်း ခရီးသည်တင်လေယာဉ်၏ လေယာဉ်ဘီးများအနက် သုံးလုံးမှာ တာယာများပွင့်ထွက်ခဲ့ကြောင်း မွမ်ဘိုင်း နိုင်ငံတကာလေဆိပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လကလည်း Air India လေကြောင်းလိုင်းပိုင် ဘိုးအင်း- ၇၈၇ ဒရမ်းလိုင်နာခရီးသည်တင်လေယာဉ်တစ်စင်း အမာဒီဘတ်မြို့၌ ပျက်ကျခဲ့ရာ လူပေါင်း ၂၆၀ သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘင်္ဂလားဒေ့ရှ်လေတပ်အမောင်းသင်လေယာဉ် လေ့ကျင့်ပျံသန်းစဉ် ကောလိပ်ကျောင်းအဆောက်အအုံတစ်လုံးအပေါ် ပျက်ကျ

ဒါကာ ဇူလိုင် ၂၁

ဘင်္ဂလားဒေ့ရှ် လေတပ်မှ အမောင်းသင် လေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းမှုများ ပြုလုပ်နေစဉ် ဒါကာမြို့ကောလိပ်ကျောင်းဝင်းတစ်ခုပေါ်သို့ ယနေ့တွင် ပျက်ကျခဲ့ကြောင်း သိရသည်။



လေတပ်အမောင်းသင်လေယာဉ် ပျက်ကျမှုသည် ဒါကာမြို့မြောက်ပိုင်း ဥတ္တရာရပ်ကွက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုင်းစတုန်းအမည်ရှိ ကောလိပ်ကျောင်းတစ်ကျောင်း၏ ကျောင်းစားသောက်ဆိုင်ခေါင်မိုးပေါ်ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါမောင်းသူမဲ့လေယာဉ် ပျက်ကျမှုကြောင့် အနည်းဆုံး လူတစ်ဦးသေဆုံး၍ ဦးရေ ၂၀ ကျော်ဒဏ်ရာများရရှိခဲ့သည်။

မိုင်းစတုန်းကောလိပ် သည် ကျောင်းသား၊ကျောင်းသူ ၂၀၀၀ ခန့် တက်ရောက်နေသည့်စာသင်ကျောင်းဖြစ်သည်။

ပျက်ကျခဲ့သည့် အမောင်းသင်လေယာဉ်မှာ တရုတ်နိုင်ငံထုတ် အက်ဖ်-၇ ဘီဂျီအိုင်အမျိုးအစား အမောင်းသင် လေယာဉ်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်လေတပ်က သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ် လေတပ်၏ သတင်းထုတ်ပြန်ချက်၌ အဆိုပါ အမောင်းသင်လေယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး အသေးစိတ်ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၄၆ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၄၆ စင်းကို ဇူလိုင် ၂၀ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။ စတားလင့်ခ်ဂြိုဟ်တု ၄၆ စင်း သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီး ယားပြည်နယ် ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ငါးမိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ၁၂ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင်မူ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖုံးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ကွန်ရက်အတွက် ၂၀၁၉ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ စတားလင့်ခ်ဂြိုဟ်တု အစင်းရေ ၉၂၀၀ ကျော် လွှတ်တင်ခဲ့ရာ ၇၉၆၅ စင်းတို့မှာ ဝန်ဆောင်မှုလုပ်ငန်းများ ပေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ရှေးခေတ် ပွေးသတ္တဝါမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို စပိန်နိုင်ငံ မီးတောင်တွင်းဝဟောင်းတစ်ခု၌ ရှာဖွေတွေ့ရှိ

**မက်ဒရစ် ဇူလိုင် ၂၁**

ရှေးခေတ် ပွေးသတ္တဝါမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို စပိန်နိုင်ငံ မီးတောင်တွင်းဝဟောင်းတစ်ခု၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပွေးသတ္တဝါမျိုးစိတ်သစ်ကို Vulcanoscaptor Ninoti ဟူ၍ စပိန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

Vulcanoscaptor Ninoti ပွေးသတ္တဝါများသည် လွန်ခဲ့သည့်နှစ်ပေါင်း ၅ ဒသမ ၃ သန်းနှင့် ၂ ဒသမ ၆ သန်းကြား ပလီယိုမင်းဘူမိခေတ်အတွင်း ရှင်သန်ကျက်စားခဲ့သော သက်ရှိများဖြစ်ကြသည်။

Vulcanoscaptor Ninoti ပွေးများ၏ မျိုးရင်းဖြစ်သော Scalopini ပွေးသတ္တဝါများမှာ လက်ရှိအချိန်တွင် မြောက်အမေရိကနှင့် အာရှတို့၌ ရှင်သန်နေကြဆဲဖြစ်ကြောင်း သိရသည်။



Vulcanoscaptor Ninoti တွင်းအောင်းပွေးများသည် ရေကူးနိုင်စွမ်းလည်း ရှိနေနိုင်ကြောင်း စပိန်သိပ္ပံပညာရှင်များ၏ ကျောက်ဖြစ်ရုပ်ကြွင်း လေ့လာချက်ရလဒ်များအရ သိရသည်။

Vulcanoscaptor Ninoti တွင်းအောင်းပွေး ကျောက်ဖြစ်ရုပ်ကြွင်းကို စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ကမ့်ဒဲနီးနေ့ဲ အမည်ရှိ ရှေးဟောင်းမီးတောင် တွင်းဝဟောင်းအနီး ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ယူရေးနပ်စ်ဂြိုဟ်က ပြန်လည်ထုတ်လွှတ်နေသည့် အတွင်းပိုင်းအပူဓာတ်များက နေရောင်ခြည်မှရရှိနေသော အပူဓာတ်ထက်ပင် ပိုများ

**ဝါရှင်တန် ဇူလိုင် ၂၁**

ယူရေးနပ်စ်သည် ၎င်း၏ အတွင်းပိုင်း ကိုယ်ပိုင်အပူဓာတ်များထုတ်လွှတ်နေပြီး နေရောင်ခြည်မှရရှိနေသော အပူဓာတ်ထက်ပင် ပိုများနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

ဟူစတန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ယူရေးနပ်စ်ဂြိုဟ်က ပြန်လည် ထုတ်လွှတ်နေသည့် ကိုယ်ပိုင်အတွင်းပိုင်း အပူဓာတ်များမှာ နေရောင်ခြည်မှ ၎င်းဂြိုဟ်ရရှိနေသော အပူဓာတ်ထက်ပင် ပိုများကြောင်း သိရသည်။

သို့ရာတွင် ယူရေးနပ်စ်ဂြိုဟ် ထုတ်လွှတ်နေသည့် အတွင်းပိုင်း ကိုယ်ပိုင်အပူဓာတ်မှာ ကြာသပတေး ဂြိုဟ်၊ စနေဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်များကဲ့သို့ အခြားနေအဖွဲ့အစည်းဝင်ဂြိုဟ်များက ထုတ်လွှတ်နေသော ကိုယ်ပိုင်အပူဓာတ်များလောက် များပြားမှုမရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့က ထုတ်လွှတ်နေသော အတွင်းပိုင်း အပူဓာတ်ပမာဏမှာ နေရောင်ခြည်မှတစ်ဆင့် ၎င်းတို့လက်ခံရရှိနေသည့် အပူဓာတ်ထက် ၁၀၀ ရာခိုင်နှုန်းကျော် ပိုမြင့်မားနေကြောင်း၊ အမေရိကန် သိပ္ပံပညာရှင်များက ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ၁၉၈၆ ခုနှစ်တွင် ယူရေးနပ်စ်ဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ၁၀ နှစ်အတွင်း နှလုံးဖောက်နိုင်ခြေ ရှိ၊ မရှိကို ရိုးစင်းသည့် မျက်လုံးစစ်ဆေးနည်းဖြင့် ခန့်မှန်းနိုင်

**အီဒင်ဘာ့ဂ် ဇူလိုင် ၂၁**

ရိုးစင်းသည့်မျက်လုံးစစ်ဆေးနည်းတစ်မျိုးသည် လာမည့် ၁၀ နှစ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေ သို့မဟုတ် လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ခန့်မှန်းနိုင်ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

မျက်လုံးနောက်ဘက်အတွင်း အာရုံခံလွှာ သွေးကြောများ၏ ဓာတ်ပုံများကို လူ့ဉာဏ်ရည်တုနည်းပညာ (AI) အကူအညီသုံး၍ လေ့လာဆန်းစစ်ခြင်းဖြင့် လာမည့် ၁၀ နှစ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ခန့်မှန်းနိုင်သည်ဟု စကော့တလန် သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အလင်းအာရုံခံလွှာ သွေးကြောများ ပျက်စီးနေခဲ့ပါက သို့မဟုတ် ကျဉ်းမြောင်းနေပါက လာမည့် ၁၀ နှစ်အတွင်း လေဖြတ်နိုင်ခြေနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေတို့ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

လက်တွေ့ စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ မိမိတို့၏ AI နည်းပညာသုံး မျက်လုံးစစ်ဆေးနည်းသည် လာမည့် ၁၀ နှစ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို ၇၀ ရာခိုင်နှုန်း တိကျစွာ ခန့်မှန်းနိုင်သည်ဟု စကော့တလန်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Pfizer ၏ ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေးကြောင့် မျက်လုံးထိခိုက်ပျက်စီးနိုင်ခြေ မြင့်တက်လာနိုင်

**အင်ကာရာ ဇူလိုင် ၂၁**

Pfizer ကုမ္ပဏီ၏ ကိုရိုနာဗိုင်းရပ် ကာကွယ်ဆေးကြောင့် မျက်လုံး ထိခိုက်ပျက်စီးနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၀ ရက်သတင်းများအရ သိရသည်။

တူကီယဲနိုင်ငံမှ သုတေသနပညာရှင်များသည် Pfizer ကိုရိုနာဗိုင်းရပ်ကာကွယ်ဆေး ပထမအလုံး မထိုးနှံမီနှင့် ဒုတိယအလုံး ထိုးနှံပြီး နှစ်လအကြာတို့၌ မျက်လုံးမျက်ကြည်လွှာ၏ အတွင်းဘက်ပိုင်းအလွှာဖြစ်သော Endothelium အလွှာ၏ ပြောင်းလဲမှုများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Pfizer ကာကွယ်ဆေးကို နှစ်လုံးအပြည့် ထိုးနှံပြီးချိန်တွင် မျက်ကြည်လွှာ ထူထဲလာပြီး Endothelium အလွှာကို ဖွဲ့စည်းပေးထားသည့် ဆဲလ်များအရေအတွက် ကျဆင်းလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါအပြောင်းအလဲများကို ထောက်ရှုပါက Pfizer ကိုရိုနာဗိုင်းရပ် ကာကွယ်ဆေးထိုးနှံထားသူများ၌ မျက်လုံး၏ Endothelium အလွှာ ယာယီအားဖြင့် အားနည်းသွားနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မျက်ကြည်လွှာ ထူထဲလာမှုနှင့် Endothelium ဆဲလ်များ လျော့နည်းလာမှုတို့ကြောင့် Corneal Edema၊ Bullous Keratopathy ကဲ့သို့သော မျက်လုံးရောဂါများ ဖြစ်ပွားနိုင်သည်ဟု တူကီယဲ သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



**နိုင်ငံတကာ အားကစားသတင်းများ**

# ရီးရဲလ်မက်ဒရစ်အသင်းက ရိုင်နီယာဂျီးဆပ်ကို စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်

မက်ဒရစ် ဇူလိုင် ၂၁

ရီးရဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ဘရာဇီးကလပ် ဖလာမင်ဂို အသင်းမှ ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူခဲ့သည့် ကွင်းလယ်ကစားသမား ရိုင်နီယာ ဂျီးဆပ်ကို စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရိုင်နီယာဂျီးဆပ်သည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် စီနီယာအသင်းကြီးတွင် တစ်ကြိမ်မျှ ပွဲကစားခွင့်မရရှိခဲ့ဘဲ ဂျာမန်ကလပ် ဒေါ့မွန်အသင်း၊ လာလီဂါပြိုင်ဘက် ဂျီရိုနာအသင်း၊ စီးရီးအေမှ ဖရိုစီနိုနီအသင်း၊ လာလီဂါပြိုင်ဘက် ဂရန်နာဒါအသင်းတို့သို့ အငှားစာချုပ်ဖြင့်သာ ပြောင်းရွှေ့ကစားခဲ့ရပြီးနောက် အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင်လည်း အရောင်းစာရင်းတင်သွင်းခဲ့ကာ ကမ်းလှမ်းမည့်အသင်းမရှိပါက စာချုပ်ဖျက်သိမ်းသွားမည်ဖြစ်သည်။

ရိုင်နီယာဂျီးဆပ်သည် အသက် ၁၈ နှစ်အရွယ်ကတည်းက ခြေစွမ်းပိုင်းကောင်းမွန်သည့် ကစားသမားဖြစ်သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်း၏ ခေါ်ယူခြင်းခံရသော်လည်း အသင်းတွင် နည်းပြများ၏ယုံကြည်မှုကို မရခဲ့သဖြင့် ပါဝင်ကစားခွင့် မရခဲ့သကဲ့သို့ လက်ရှိနည်းပြအလွန်ဆိုလက်ထက်တွင်လည်း နည်းပြအဖွဲ့၏ စီမံကိန်းတွင် ပါဝင်ခြင်းမရှိသောကြောင့် အသင်းမှ ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ ကစားသမားနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့က အကောင်းဆုံးအဖြေကို ဆက်လက်ရှာဖွေလျက်ရှိသော်လည်း အပြောင်းအရွှေ့ကာလ မပိတ်သိမ်းမီ ကမ်းလှမ်းသည့်အသင်းမရှိပါက ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက စာချုပ်ဖျက်သိမ်းသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- နာပိုလီအသင်းက ဘိုလော့နာအသင်း ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၆ နှစ်ရှိ ဘူကီမာကို ပြောင်းရွှေ့ကြေး ယူရို ၃၁ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် ၂၀၃၀ ပြည့်နှစ်ထိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ဖရန့်ဖတ်တိုက်စစ်မှူး အီကီတိုက်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ၌ ကစားသမားငါးဦး ခေါ်ယူရာတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၁၅ သန်းထိ သုံးစွဲခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်အသင်းများတွင် ပြောင်းရွှေ့ကြေး စံချိန်တင်သုံးစွဲခဲ့သည့် အသင်းအဖြစ် ရပ်တည်လျက်ရှိသည်။
- လာလီဂါပြိုင်ဘက်ဗလင်စီယာအသင်းက ဘာစီလိုနာအသင်းမှ လူငယ်တိုက်စစ်မှူး ပါအူဗစ်တာကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ကွင်းလယ်ကစားသမား မိုဒရစ်နှင့် တိုက်စစ်မှူး ဂျီမီနက်ဇ် တို့ကို ရာသီကြိုခြေစမ်းပွဲကစားမည့် လူစာရင်းမှချန်လှပ်ခဲ့ကြောင်း အေစီမီလန်နည်းပြက ပြောကြားခဲ့သည်။

ML

# 38th Thai King's Cup Sepaktakraw World Championship ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ



ရန်ကုန် ဇူလိုင် ၂၁

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ချုပ်ဦးဆောင်သည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 38th Thai King's Cup Sepaktakraw World Championship ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ထွက်ခွာခဲ့ကြောင်း သိရသည်။

38th Thai King's Cup Sepaktakraw World Championship ပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းနိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့ကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

38th Thai King's Cup Sepaktakraw World Championship ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ပြိုင်ပွဲအမျိုးအစားသုံးခုလုံးတွင် ပါဝင်ကစားသွားမည်ဖြစ်ပြီး Men's Team Regu ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းက အုပ်စု(A)တွင် အိမ်ရှင်ထိုင်းအသင်း၊ ဘရူနိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ အိန္ဒိယအသင်း၊ စင်ကာပူအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေပြီး Women's Team Regu ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ ဂျပန်အသင်း၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

အလားတူ Men's Quadrant ပြိုင်ပွဲအမျိုးအစားတွင် မြန်မာအမျိုးသားအသင်းသည် အုပ်စု(A)တွင် အိမ်ရှင်ထိုင်းအသင်း၊ စင်ကာပူအသင်း၊ မလေးရှားအသင်း၊ တောင်ကိုရီးယားအသင်းတို့နှင့် အတူကျရောက်နေပြီး Women's Quadrant ပြိုင်ပွဲအမျိုးအစားတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(B)တွင် ဗီယက်နမ်အသင်း၊ လာအိုအသင်း၊ အိန္ဒိယအသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေသည်။

ဆက်လက်ပြီး Men's Mix Quadrant ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းသည် အုပ်စု(A)တွင် အိမ်ရှင်ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး Women's Hoop ပြိုင်ပွဲအမျိုးအစားတွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(B)၌ ပါကစ္စတန်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ သီရိလင်္ကာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေကြောင်း သိရသည်။ STA

# ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားများတွင် ပရီးမီးယားလိဂ်ကစားသမားများ အများဆုံးပါဝင်

လန်ဒန် ဇူလိုင် ၂၁

လက်ရှိ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမား ၂၅ ဦး စာရင်းတွင် ပရီးမီးယားလိဂ်မှ ကစားသမား ရှစ်ဦးထိ အများဆုံး ပါဝင်နေပြီး ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ပက်ထရီက ထိပ်ဆုံးတွင် ရပ်တည်နေကြောင်းသိရသည်။

ယခင်က ကွင်းလယ်ပိုင်းတွင် နံပါတ် ၆ နေရာသည် ခံစစ်ကစားရပြီး နံပါတ် ၁၀ နေရာသည် ကွင်းလယ်တိုက်စစ်ပိုင်းကို ပါဝင်ကစားရသည့် ကစားသမားများဖြစ်သော်လည်း ယနေ့ခေတ် ဘောလုံးလောကတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများသည် ခံစစ်ပိုင်းတွင်သာမက တိုက်စစ်ပိုင်းကိုပါ လိုက်ပါကစားနိုင်သည့် ကစားသမားများဖြစ်သည်။

Sports Illustrated က ရွေးချယ်ခဲ့သည့် အကောင်းဆုံး ကွင်းလယ်ကစားသမား ၂၅ ဦး စာရင်းတွင် ဘာစီလိုနာကစားသမား ပက်ထရီက အဆင့်(၁)၊ ပီအက်စ်ဂျီကစားသမား ဗီတင်ဟာက အဆင့်(၂)၊ လီဗာပူးကစားသမားအယ်လစ်စတာက အဆင့်(၃)၊ အာဆင်နယ်ကစားသမား ဒီကလန်ရိုက်က အဆင့်(၄)၊ ရီးရဲလ်မက်ဒရစ်ကစားသမား ဗယ်ဗာဒီက အဆင့်(၅)၊ အင်တာမီလန်ကစားသမား ဘာရယ်လာက အဆင့်(၆)၊ ချဲလ်ဆီးကစားသမား အန်ဇို ဖာနန်ဒက်စ်က အဆင့်(၇)၊ ပီအက်စ်ဂျီကစားသမား ဖေဘီယန်ရုဇ်က အဆင့်(၈)၊ နယူးကာဆယ်ကစားသမား ဂွီမာရေ့စ်က အဆင့်(၉)၊ ဘာစီလိုနာကစားသမား ဖရန်ကီဒီဂျောင်းက အဆင့်(၁၀) နေရာတွင် ရပ်တည်လျက်ရှိသည်။

၎င်းတို့နောက်တွင် ဘာစီလိုနာအသင်းမှ ဂါဗီ၊ နာပိုလီအသင်းမှ တွန်မီနေး၊ မန်စီးတီးအသင်းမှ ရိုင်ဒါးစ်၊ လီဗာပူးအသင်းမှ ဆိုဘော့ဇလိုင်၊ အတ္တလန်တာအသင်းမှ အီဒါဆန်၊ ပီအက်စ်ဂျီအသင်းမှ ဇိုင်ရီအမ်မရီ၊ မန်စီးတီးအသင်းမှ ကိုဗာဆစ်၊ ရီးရဲလ်မက်ဒရစ်မှ မိုဒရစ်၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဂိုရက်ဇ်ကာ၊ အင်တာမီလန်အသင်းမှ ဇီလင်စကီး၊ ဖူလ်ဟမ်အသင်းမှ အန်ဂစ်ဆာ၊ ဂျူဗင်တပ်အသင်းမှ သူရမ်၊ ရေဗားပလိတ်အသင်းမှ ပါလာစီအို၊ မာဆေးအသင်းမှရာဘီယို့စ်၊ အေတီကိုအသင်းမှ ဂယ်လာဟာတို့က အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

Ref : SI

Trs : ML

# တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ဘာစီလိုနာအသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ဘာစီလိုနာ ဇူလိုင် ၂၁

မန်ယူအသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသည့် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။




အသက် ၂၇ နှစ်ရှိ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန်အတွက် ရက်ပိုင်းအတွင်း အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ပြီး လာမည့်ကြာသပတေးနေ့တွင် အသင်းနှင့်အတူ ရာသီကြိုအာရှခရီးကို လိုက်ပါနိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် ဘာစီလိုနာအသင်းနည်းပြ ဖလစ်ကလည်း တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတွင် ကစားမည့် ခြေစမ်းခရီးစဉ်ကိုခေါ်ယူ၍ ပွဲကစားချိန်ပေးသွားမည်ဖြစ်သကဲ့သို့ လာမည့်ဩဂုတ်လ ဘောလုံးရာသီမစတင်မီ ၎င်း၏ခြေစွမ်းပိုင်းကို စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ယခုနွေရာသီတွင် ဘယ်တောင်ပံ တိုက်စစ်ပိုင်းကို ဖြည့်တင်းရန်အတွက် အားကစားဒါရိုက်တာ ဒေကိုကိုယ်တိုင် ဘီလ်ဘာအိုအသင်းမှ ဝီလျံကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဘဏ္ဍာရေးအခက်အခဲကြောင့် ခေါ်ယူနိုင်ခြင်းမရှိသည့်အတွက် တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကျင်းပ



နေပြည်တော် ဇူလိုင် ၂၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်း၊ သန်လျင်မြို့နယ်သန်လျင်အားကစားကွင်းနှင့်သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁)ရှိ (စက်ဘီးကွင်း)တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ခြောက်ဂိုးတစ်ဂိုးဖြင့် လည်းကောင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံ အားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကချင်ပြည်နယ်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့် ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# Canadian Masters ပြိုင်ပွဲမှနုတ်ထွက်ကြောင်း ဂျန်နစ်ခ်ဆင်နာနှင့် ဂျိုကိုဗစ်တို့ ထုတ်ပြန်

တိုရွန်တို ဇူလိုင် ၂၁

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပသွားမည့် Canadian Masters တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဆုဖလားအများဆုံးရရှိထားသော ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်တို့က ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ယနေ့တွင် အသီးသီးထုတ်ပြန်ခဲ့သည်။

ဂျန်နစ်ခ်ဆင်နာနှင့် ဂျိုကိုဗစ်တို့နှစ်ဦးစလုံးသည် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ညာဘက်လက်တံတောင်ဆစ်ဒဏ်ရာရရှိထားသည့် ဂျန်နစ်ခ်ဆင်နာအနေဖြင့် ၂၀၂၃ ခုနှစ်က Canadian Masters တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ဖူးသူဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက ချန်ပီယံဆုအား ဒုတိယအကြိမ်ဆွတ်ခူးလိုသော်လည်း ဒဏ်ရာအခြေအနေအား ဆေးအဖွဲ့နှင့်တိုင်ပင်ခဲ့ရာတွင် အနားယူသင့်ကြောင်း ဆေးအဖွဲ့က အကြံပြုသည့်အတွက်ကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂရင်းစလန်းဆုဖလား ၂၄ လုံး ထိဆွတ်ခူးထားသော ဂျိုကိုဗစ်ကလည်း ပေါင်ခြံဒဏ်ရာရရှိထားပြီး အသက်အရွယ်ကြောင့်လည်း ကြံ့ခိုင်မှုပိုင်းက စကားပြောလာသည့်အတွက်ကြောင့် အနားယူရန်လိုအပ်၍ ပြိုင်ပွဲမှနုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Ref : RT

Trs : AZL



# WBA (Super) နှင့် WBO ခရူဆာဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရာမီရက်ဇ် ပခုံးဒဏ်ရာခွဲစိတ်ကုသမှုခံယူထားရသည့်အတွက် ကာလရှည်အနားယူရမည်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၁

WBA(Super)နှင့် WBO ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ရာမီရက်ဇ်သည် ပခုံးဒဏ်ရာခွဲစိတ်ကုသမှု ခံယူလိုက်သည့်အတွက်ကြောင့် ကာလရှည် အနားယူရမည် ဖြစ်ကြောင်း Golden Boy Promotions က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရာမီရက်ဇ်သည် ပြီးခဲ့သည့် ဇွန် ၂၈ ရက်က ကမ္ဘာ့ချန်ပီယံခါးပတ်များတွက်ကျူးဘားလက်ဝှေ့သမား ဒေါ်ရီကိုစ်နှင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့သော်လည်း ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအား ဆေးကုသမှုခံယူခဲ့သော်လည်း ဒဏ်ရာအရှင်းပျောက်ကင်းသက်သာခြင်း မရှိခဲ့သည့်အတွက် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ရာမီရက်ဇ်သည် စိန်ခေါ်ပွဲပေါင်း ၄၈ ပွဲထိ ထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာ ရှိသေးသည့် လက်ဝှေ့သမားဖြစ်ကာ ရုရှားလက်ဝှေ့သမား ဘီဗိုလ်ကိုသာ ရှုံးနိမ့်ခဲ့ဖူးသူလည်း ဖြစ်သည်။

ရာမီရက်ဇ်သည် မက္ကဆီကိုလက်ဝှေ့လောကတွင် ကာနယ်လိုပြီးနောက် ဒုတိယမြောက် ရလဒ်အကောင်းဆုံး လက်ဝှေ့သမားအဖြစ်လည်း ရပ်တည်ထားနိုင်သူဖြစ်သည်။

ရာမီရက်ဇ်က "ပခုံးဒဏ်ရာနဲ့ပတ်သက်ပြီးတော့ ကုသမှုခံယူဖို့အတွက် နည်းလမ်းသုံးလမ်းရှိခဲ့တယ်။ အချိန်အများကြီးစဉ်းစားခဲ့ပြီးတဲ့နောက်မှာတော့ အမြန်ဆုံးသက်သာပျောက်ကင်းဖို့အတွက် ခွဲစိတ်ကုသမှုခံယူဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒဏ်ရာအမြန်ဆုံးသက်သာပျောက်ကင်းပြီး ၁၀၀ ရာခိုင်နှုန်း ပြန်လည် ထိုးသတ်နိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# မန်ယူအသင်းက ဂိုးသမားနေရာအတွက် ရှိုင်ရယ်အန်ဝပ်အသင်းမှ လန်မန်းကိုခေါ်ယူရန်ကြိုးပမ်း

မန်ချက်စတာ ဇူလိုင် ၂၁

မန်ယူအသင်းက လိုအပ်ချက်များရှိနေသည့် အသင်းဂိုးသမားနေရာအတွက် ရှိုင်ရယ်အန်ဝပ်အသင်းမှ ဂိုးသမား လန်မန်းကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

မန်ယူအသင်းသည် နည်းပြဟောင်း တန်ဟတ်လက်ထက်က အသင်းတွင် ကာလရှည် အဓိကဂိုးသမားအဖြစ် ပါဝင်ခဲ့သည့် ဂိုးသမားဒီဂီယာကို လက်လွှတ်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်က အင်တာမီလန်အသင်းမှ အိုနာနာအား စတာလင်ပေါင် ၆၅ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း အိုနာနာအနေဖြင့် မန်ယူအသင်းတွင် လက်စွမ်းပြသနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။

ဂိုးသမားအိုနာနာသည် မန်ယူအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းတွင် ပွဲထွက်ဂိုးသမားအဖြစ် ကစားခဲ့ရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီကလက်စွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရသကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း အမှားအယွင်းများစွာ ကျူးလွန်ခဲ့ပြီး ရုန်းကန်နေရခြင်းဖြစ်သောကြောင့် မန်ယူအသင်းက ပွဲထွက် ဂိုးသမားနေရာအတွက် ဂိုးသမားတစ်ဦးကို ရှာဖွေနေခြင်းဖြစ်သည်။

အလားတူ ဒုတိယဦးစားပေးဂိုးသမားအဖြစ် ပါဝင်နေသည့် ဘာရီဒီယာသည်လည်း လက်စွမ်းပြသနိုင်ခဲ့ခြင်း မရှိသည့်အတွက် မန်ယူအသင်းက ဘာရီဒီယာကို ပြန်လည်ရောင်းချပြီး ဂိုးသမားတစ်ဦးကို ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းအနေဖြင့် ဂိုးသမားနေရာအတွက် အေဗီလာအသင်းမှ ဂိုးသမား မာတီနက်ဇ်ကိုခေါ်ယူရန် သတင်းများထွက်ပေါ်ခဲ့သော်လည်း တရားဝင်ကမ်းလှမ်းမှုမရှိခဲ့ဘဲ ယခုအခါ လန်မန်းကိုသာ ဦးစားပေးပစ်မှတ်အဖြစ်ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# The Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ကစားသမား စကော့တီရှက်ဖလာ ဆွတ်ခူး



အီဒင်ဘာ့ဂ် ဇူလိုင် ၂၁

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် ဂေါက်သီးရိုက်လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သောThe Open Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား အင်ဂလင်ချ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး တစ်နိုင်ငံတည်းသား ဂေါက်သီးရိုက်ကစားသမား တစ်ဦးဖြစ်သည့် ဂျော်ဘာအပ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

စကော့တီရှက်ဖလာအတွက် ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီ အတွင်း ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့သည့် အဓိကဆုဖလားလည်း ဖြစ်သလို နောက်ဆုံးသုံးနှစ်တာ ကာလအတွင်း စတုတ္ထမြောက် ဆွတ်ခူးနိုင်ခဲ့သည့် အဓိကဆုဖလားဖြစ်သည်။

စကော့တီရှက်ဖလာက "တစ်ရက်ကို ၁၈ ကျင်းထိလမ်းလျှောက်ပြီး ပြိုင်ပွဲဝင်ရတာ တကယ်ကိုခက်ခဲပင်ပန်းပါတယ်။ ဒါပေမဲ့လဲ စိတ်လှုပ်ရှားဖို့ ကောင်းပြီးတော့ ပျော်ရွှင်ရပါတယ်။ အခုလိုခက်ခဲတဲ့ ပြိုင်ပွဲမှာအောင်မြင်မှုနဲ့ အဆုံးသတ်နိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုအောင်မြင်မှုတွေရဖို့လဲ အချိန်အများကြီးပေးခဲ့ရပါတယ်။ အလုပ်တွေလဲ အများကြီးလုပ်ခဲ့ရသလို အများကြီးလဲ စိတ်ရှည်သည်းခံခဲ့ရပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အာဟာရဖွံ့ဖြိုးဝင်ငွေတိုးဖို့ မတ်ပဲသီးနှံစိုက်ကြစို့

မိုးမို့(သကြားထွက်)

မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံ ၂၄ မျိုးကျော်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အနက် မတ်ပဲသည် ဒုတိယအရေးကြီးသီးနှံတစ်မျိုးဖြစ်သည်။ မတ်ပဲသည် အာဟာရတန်ဖိုးမြင့်မားသောသီးနှံဖြစ်၍ နှစ်ပေါင်းများစွာကတည်းက အလေးထားစားသုံးသည့်သီးနှံဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော မတ်ပဲ၏ ၇၀ ရာခိုင်နှုန်းကို အိန္ဒိယကဝယ်ယူနေပြီး မကြာမီ အမေရိကန်နှင့် အနောက်ဥရောပဈေးကွက်တွင်လည်း ထင်ရှားလာမည့်သီးနှံဖြစ်သည်။ မတ်ပဲသည် စိုက်ပျိုးရန်လွယ်ကူပြီး ရာသီဥတုကြောင့် ပျက်စီးမှုနည်းသည်။ မတ်ပဲကို မိုးရာသီနှင့် ဆောင်း ရာသီစပါးရိတ်သိမ်းပြီးချိန်တို့တွင် စိုက်ပျိုးနိုင်သည်။ မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီးသည် အကြီးမားဆုံး မတ်ပဲစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မတ်ပဲမျိုးများမှာ ရေဆင်း - ၄၊ ရေဆင်း - ၇၊ TBL-9၊ ရေဆင်း - ၅၊ ရေဆင်း - ၆ တို့ဖြစ်ပြီး အများအသုံးပြုသောမျိုးနှစ်မျိုးမှာ ရေဆင်း-၄၊ ရေဆင်း-၇ တို့ဖြစ်သည်။ ၎င်းတို့၏ အရည်အချင်း လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အရည်အချင်း လက္ခဏာ | ရေဆင်း -၄ | ရေဆင်း-၇ |
|---|---|---|---|
| ၁ | အသက်ရက် | ၆၉ | ၈၀-၈၅ |
| ၂ | အပင် ပုံသဏ္ဌာန် | ပင်ထောင် | ပင်ထောင် |
| ၃ | အစေ့/ အတောင့် အရောင် | အနက် | အနက် |
| ၄ | အပင်အမြင့် | ၃၄ စင်တီမီတာ | ၄၅-၅၅ စင်တီမီတာ |
| ၅ | တစ်ပင်ပါ သီးကိုင်း | ၃ | ၂-၄ |
| ၆ | တစ်ပင်ပါ သီးတောင့် | ၃၁ | ၂၀-၂၅ |
| ၇ | တစ်တောင့် ပါအစေ့ | ၄-၆ | ၄-၆ |
| ၈ | အစေ့(၁၀၀) အလေးချိန် | ၄.၁၂ ဂရမ် | ၅-၅.၅ဂရမ် |
| ၉ | အထွက်နှုန်း (တင်း/ဧက) | ၁၁ | ၂၀-၂၅ |
| ၁၀ | ထူးခြားချက် | | အထွက်နှုန်း ကောင်း၊ အဝါ ရောင်မှိုစေ့ ဒဏ်ခံနိုင် |

**မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း**

မတ်ပဲစိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များကို မြေတွင်းအောင်းပိုးကာကွယ်ရန်ပိုးသတ်ဆေး၊ မှိုသတ်ဆေးလူးနယ်ပြီး စိုက်ပျိုးရမည်။ ရေမြေဒေသရာသီဥတုကိုအခြေပြု၍ စိုက်နည်းစနစ်၊ သုံးစွဲသင့်သည့်မျိုး၊ မျိုးစေ့နှုန်း၊ ပြုစုထိန်းသိမ်းမှုစနစ် ကွာခြားနိုင်သည်။

**စိုက်ပျိုးနည်းစနစ်**

မတ်ပဲသီးနှံကို ကြဲပက်၍လည်းကောင်း၊ အတန်းလိုက်လည်းကောင်း စိုက်ပျိုးနိုင်သည်။ ကြဲခင်းတွင် တစ်ဧကမျိုးစေ့နှုန်း ၁၀ ပြည်မှ ၁၂ ပြည်နှင့် အတန်းလိုက်စိုက်ပျိုးပါက ခြောက်ပြည်မှ ရှစ်ပြည်နှုန်း တန်းကြားပင်ကြား အကွာအဝေး ၁၂ လက်မမှ ၁၆ လက်မ၊ သုံးလက်မမှ လေးလက်မ၊ အစေ့အနက် တစ်လက်မ၊ တစ်ကျင်းတွင် နှစ်စေ့နှုန်းစိုက်ပျိုးနိုင်သည်။ ၁၀ ရက်သားမှ ၁၂ ရက်သားတွင် သားခွဲ၊ အပင်မှုန်းခြင်း ပြုလုပ်နိုင်သည်။ လိုင်း သို့မဟုတ် စိုက်ကြောင်းဖြင့် စိုက်ပျိုးခြင်းမှာ မတ်ပဲအထွက်နှုန်းကို ပိုမိုကောင်းမွန်စေသည်။

မတ်ပဲသီးနှံသည် ဆားပေါက်မြေနှင့်ရေဝပ်မြေမှအပ ရေသွင်းရေထုတ်ကောင်းသောမြေအမျိုးအစားအားလုံးတွင်စိုက်ပျိုးနိုင်သည်။ မတ်ပဲသီးနှံသည် ပူအိုက်စွတ်စိုသော ရာသီဥတုလိုအပ်ပြီး အပူချိန်တုံ့ပြန်မှုမရှိသောမျိုးဖြစ်၍ ရာသီဥတုအေးသောအချိန်ဖြစ်ပါက အပင်ပိုင်းကြီးထွားမှုနှေးကွေးတတ်သည်။ မတ်ပဲမျိုးအများစုသည် နေ့တာတိုအပင်ဖြစ်ခြင်း၊ ပန်းပွင့်ခြင်းတို့သည် နေ့တာ နှင့် အပူချိန်နှစ်မျိုးလုံး တုံ့ပြန်မှုရှိခြင်းကြောင့် ပန်းပွင့်ချိန်အပူချိန်မြင့်မားပါက အပွင့်၊ အသီးအောင်မြင်မှုကိုထိခိုက်စေပြီး လေ့၊ ယင်ဖြူကျရောက်မှုဆိုးရွားစေနိုင်သည်။ သို့သော်ရေမကြာခဏ သွင်းပေးပါကလေ့ကျရောက်မှုကို သက်သာစေသည်။

**ရေသွင်းစနစ်**

မတ်ပဲသီးနှံကို ထွန်ယက်ထားသောထွန်ရေးပြင်တွင် မျိုးစေ့ကြဲပက်ပြီးရေဝအောင် တင်ပေးရမည်။ ရေဝအောင်ဆိုရာတွင် မနက်တင်သော ရေသည် ၆ နာရီမှ ၁၂ နာရီအတွင်း ခန်းရန်လိုသည်။ ထိုသို့မျိုးစေ့ကြဲပက်ပြီး ရေသွင်းခြင်းအားဖြင့် အပင်ပေါက်နှုန်းကောင်းခြင်း၊ အပင်ကြီးထွားနှုန်းမြန်ခြင်းစသောအားသာချက်များရှိသော်လည်း ရေသွင်းပြီးထွန်ယက်လုပ်ဆောင်သော အခြားစိုက်ခင်းများကဲ့သို့ အစိုဓာတ် ကြာရှည်စွာမထိန်းထားနိုင်၍ ဒုတိယအကြိမ်၊ တတိယအကြိမ် ရေသွင်းခြင်းကို ဂရုစိုက်လုပ်ဆောင်ရန် လိုအပ်သည်။ ပန်းပွင့်ချိန်နှင့် အသီးတောင့်ဝင်ချိန်သည် အရေးကြီးသောကာလဖြစ်၍ ရေပေးသွင်းချိန်နှင့် တစ်ထပ်တည်းကျရန် လိုအပ်သည်။ မတ်ပဲပင်၏သက်တမ်းသည် ၇၅ ရက်မှ ရက် ၉၀ ဟုဆိုသော်လည်း ရေပေးသွင်းပါက ရက်ပေါင်း ၁၀၀ မှ ၁၂၀ သက်တမ်းထိ ရှည်စေပြီး အသီးအပွင့်နိုင်၍ သက်တမ်းရှည်တိုင်းထားမည်ဆိုပါက မိုးရွာသွန်းမှုနှင့်ကြုံတွေ့ပြီးဆုံးရှုံးမှုရှိနိုင်သည်။ သို့ပါ၍ စိုက်ပျိုးသူများအနေဖြင့် မိမိဒေသ၏ ရာသီဥတုအခြေအနေပေါ်မူတည်၍ ရေပေးသွင်းသည့်အကြိမ်ကို လျှော့ချခြင်းဖြင့် အပင်သက်တမ်းကို တိုစေပြီး ဆုံးရှုံးမှုနည်းနိုင်သည်။ မတ်ပဲသီးနှံကို ဆောင်းရာသီထက် နွေရာသီစိုက်ပျိုးခြင်းက ပေါင်းပင်ပေါက်ရောက်မှုပိုမိုများနိုင်သည်။



မတ်ပဲသီးနှံစိုက်ပျိုးဖြစ်ထွန်းမှုကို တွေ့ရစဉ်။

**မြေပြုပြင်ခြင်း**

မတ်ပဲစိုက်ပျိုးရာတွင် မြေခံမြေဩဇာမဖြစ်မနေထည့်သွင်းသင့်သည်။ မြေခံအဖြစ် ၁၅ ပတ်လည်၊ ၁၆ ပတ်လည်ထိ အသုံးပြုစရာမလိုဘဲ ၁၅:၇:၈ ၊ ၁၂:၇:၅ အချိုးသုံးလျှင်ပင် အဆင်ပြေပြီး တစ်ဧကလျှင် ၁/၃ အိတ်၊ ၁/၄ အိတ်နှုန်း သုံးရမည်။ ယူရီးယားမြေဩဇာကို ပထမအကြိမ်၊ ဒုတိယအကြိမ် ရေသွင်းချိန်တွင် တစ်ဧကလျှင် အိတ်ဝက်နှုန်းထည့်ပေးရမည်။

မတ်ပဲတွင် ငမြှောင်တောင်၊ ပင်စည် ထိုးယင်၊ ပျပိုး၊ လေ့ပိုး၊ ယင်ဖြူ၊ ပဲတောင့်ထိုးပိုး၊ ရွက်စုံစားခူဝါ၊ ပုရစ်၊ ဖားဥမှို၊ သံချေး၊ ဆာကိုစပိုးရားရွက်ပြောက်၊ မှည့်ပျောက်စွန်း၊ ဗက်တီးရီးယားရွက်ခြောက်၊ မြစ်ခြောက်ဆွေးရောဂါများ ကျရောက်နိုင်သည်။ ၎င်းတို့ကို ကြိုတင်ကာကွယ်ရန် ထရိုင်ကိုဒါးမား၊ အီးအမ်အရည်ဖြင့် မျိုးစေ့များကိုဆေးစီရင်နိုင်ပြီး အပင်ငယ်စဉ်တွင်လည်း ပင်လုံးပြန့်အာနိသင်ရှိသော မှိုသတ်ဆေး၊ ပိုးသတ်ဆေးများကို သတ်မှတ်နှုန်းထားအတိုင်းပက်ဖျန်း၍ ကာကွယ်နိုင်သည်။

မတ်ပဲအများစုသည် ၇၅ ရက်မှ ရက်၁၀၀အတွင်း ရင့်မှည့်ကြသည်။ အရွက်များအဝါရောင်ပြောင်းပြီး ၉၀ ရာခိုင်နှုန်းသောသီးတောင့်များသည် အနက်ရောင်ပြောင်းလဲသွားလျှင် ရိတ်သိမ်းနိုင်သည်။ အပင်ကို လက် သို့မဟုတ် တံစဉ်ဖြင့်ဖြတ်၍ အခင်းတွင် တစ်နေခန့် အခြောက်ခံပြီး ခြွေလှေ့စက်ဖြင့်ခြွေနိုင်သည်။ ခြွေပြီးသောအစေ့များကို သန့်စင်ပြီး အစိုဓာတ် ၁၁ ရာခိုင်နှုန်းရရန် တစ်နေ့၊ နှစ်နေခန့်နေလှန်းအခြောက်ခံရမည်။ တစ်ဧကအထွက်နှုန်း ၁၀ တင်းမှ တင်း ၂၀ ထွက်ရှိနိုင်သည်။ တချို့မျိုးများသည် ၃၅ တင်းနှုန်းထွက်ရှိနိုင်သည်။ မတ်ပဲသီးနှံ၏ အများစုပန်းတိုင်အထွက်နှုန်းမှာ တင်း ၂၀ ဖြစ်သည်။ မတ်ပဲဈေးနှုန်းသည် အရည်အသွေး၊ ပမာဏနှင့် နေရာဒေသပေါ် မူတည်ပြီး ကွာခြားမှုရှိနိုင်သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ရန်ကုန်ဈေးကွက်တွင် မတ်ပဲတစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၇မှ ၁ ဒသမ ၈၅ ဒေါ်လာနှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ မန္တလေးဈေးကွက်၌ တစ်ကီလိုလျှင် ၁ ဒသမ ၃၄ ဒေါ်လာရှိသည်။

မတ်ပဲဈေးကွက်သည် အထူးသဖြင့် အိန္ဒိယကဲ့သို့ နိုင်ငံခြားဝယ်လိုအားများလာခြင်း၊ အမေရိကန်ဒေါ်လာဈေးယှဉ်ပြိုင်မှုရှိသော်လည်း မြန်မာငွေကျပ်တန်ဖိုးကျဆင်းခြင်း၊ အပြောင်းအလဲမြန်သောရာသီဥတုကြောင့် အိန္ဒိယနိုင်ငံ၏ ပဲအထွက်လျော့နည်းနေခြင်းတို့သည် မတ်ပဲဈေးကွက်ကို သက်သာစေသော အချက်များပင်ဖြစ်သည်။ မြန်မာနိုင်ငံမှ မတ်ပဲ၊ ပဲစင်းငုံသီးနှံများကို အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့ခဲ့ပြီး ပဲတီစိမ်းကို တရုတ်နိုင်ငံနှင့် ယူတိုဗီယမ်နိုင်ငံတို့သို့ နိုင်ငံခြားငွေရရှိရန် တင်ပို့ခဲ့သည်။၂၀၂၂ ခုနှစ်တွင် မတ်ပဲသီးနှံသည် တင်ပို့အားကောင်းသည့် ထိပ်ဆုံးသီးနှံစာရင်းဝင်ခဲ့သည်။

မတ်ပဲသီးနှံသည် ပရိုတင်းဓာတ်၂၆ ရာခိုင်နှုန်း၊ အမျှင်ဓာတ်၊ ဗီတာမင်နှင့် သံဓာတ်၊ မက်ဂနီစီယမ်၊ ကယ်စီယမ်ကဲ့သို့သော သတ္တုဓာတ်များစွာပါဝင်ခြင်းကြောင့် အာဟာရရှိသော လူကြိုက်အများဆုံးသီးနှံဖြစ်သည်။ မတ်ပဲကို အဓိကအစားအစာအဖြစ် အညှောင့်ဖောက်ခြင်း၊ ဟင်းချိုချက်ခြင်း၊ မတ်ပဲကို ကြိတ်၍ အမှုန့်ကိုအကြော်ကြော်ခြင်းများ ပြုလုပ်စားသောက်သည်။ မတ်ပဲကိုစားသုံးခြင်းဖြင့် သံဓာတ်ကြွယ်ဝစေပြီး အစာခြေဖျက်မှုစနစ်အားကောင်းစေသည့်အပြင်-

- နှလုံးကျန်းမာရေးအထောက်အကူပြုစေခြင်း၊
- အရိုးကျန်းမာသန်စွမ်းစေခြင်း၊
- အရေပြားကျန်းမာရေးကို ပံ့ပိုးပေးခြင်း၊
- စွမ်းအင်တိုးပွားစေခြင်း၊
- ကြွက်သားသန်မာစေခြင်း၊
- နှလုံး၏လုပ်ငန်းဆောင်များတိုးတက်စေခြင်း၊
- ခန္ဓာကိုယ်ရှိ သံဓာတ်ကိုထိန်းညှိပေးခြင်း

စသည်တို့ကို လုပ်ဆောင်ပေးသဖြင့် အာဟာရဖွံ့ဖြိုးပြီး ကျန်းမာရေးကောင်းစေသည်။ ထို့ကြောင့် မြန်မာ့မတ်ပဲစိုက်တောင်သူများအနေဖြင့် အရည်အသွေးမြင့်မားပြီး အထွက်နှုန်းကောင်းမျိုးများကို စိုက်ပျိုးခြင်းဖြင့် အာဟာရဖွံ့ဖြိုးပြီး ဝင်ငွေတိုးစေရုံသာမကနိုင်ငံတော်စီးပွားရေးကဏ္ဍအတွက် အကျိုးဖြစ်ထွန်းမည့် မတ်ပဲသီးနှံကိုစိုက်ပျိုးရန် တိုက်တွန်းအပ်ပါသည်။

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win honours victorious soldiers in Nawnghkio, inspects People's Hospital and schools destroyed by terrorist insurgents, meets departmental personnel and local nationalities



Vice-Senior General Soe Win presents foodstuff for officers and other ranks.



Vice-Senior General Soe Win pins a new insignia onto the uniform of a soldier.



Vice-Senior General Soe Win visits No. (1) Basic Education High School in Nawnghkio.



Vice-Senior General Soe Win views medical treatment being provided at the hospital.

**Nay Pyi Taw July 21**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Shan State Chief Minister U Aung Aung, senior military officers from Office of Commander-in-Chief, deputy ministers and officials, this afternoon went to Nawnghkio in Shan State (North), that is now under control again after launching counterterrorism operations for the people to in live in peace and tranquility. There, he honoured the victorious soldiers, inspected the People's Hospital and schools destroyed by terrorist insurgents, and fulfilled the needs of locals and departmental personnel through coordinated measures.

The Vice-Senior General and party arrived in Nawnghkio, attended a ceremony to honour the victorious officers and other ranks and delivered a speech.

In his speech, the Vice-Senior General said Tatmadaw members after regrouping and restoring the command in the surrounding areas of Taunghkam launched the counterterrorism operation, during which they charged and fought and crushed the enemy with unyielding spirit while overcoming any kind of difficulties and dangers with firm determination in accord with the noble traits of the Tatmadaw, and finally they were able to recapture Nawnghkio. The Vice-Senior General, on behalf of the Tatmadaw and the Commander-in-Chief of Defence Services, thanked and honoured them, as they had further improved the Tatmadaw's image. All must preserve and maintain those noble traits.

The degree of trust placed on the Tatmadaw by the local nationalities, who were temporarily displaced by the terrorist insurgents is visible to all. In this regard, security forces should take area security and control measures with added momentum for ensuring a peaceful life and working environment and socioeconomic development for the people. They must turn advantages into extra strength and shortcomings into lessons and must effectively apply them in the battlefield. As good soldiers they must abide by the issued directives, conduct morale-strengthening drills, be loyal to the State and Tatmadaw and improve the image of their families and that of the Tatmadaw.

*See Page 13*



Vice-Senior General Soe Win inspects damage caused by terrorists in a hospital ward.



Vice-Senior General Soe Win meets local nationalities.

*From Page 12*

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and Lt-Gen Naing Naing Oo from Office of the Commander-in-Chief (Army) pinned new insignia onto the uniform of the soldiers, who were promoted at the battle field for their brilliant efforts in the battleground. The Vice-Senior General presented foodstuff for officers and other ranks through an official.



Vice-Senior General Soe Win presents cash awards for the police force.

The Vice-Senior General and party proceeded to a temporary hospital jointly run by the Tatmadaw and Ministry of Health at Myanantawwin Mingala Hall in Nawnghkio and cordially asked after the health of locals receiving treatment there. They also present financial aid to patients and cash awards to health staff.

The hospital was launched on 20 July and currently, it has 160 patients. Arrangements are under way to administer vaccines and the mobile treatment vehicles will arrive soon for emergency cases. The Vice-Senior General looked around the hospital and brought a 15-year-old malaria patient and the parents to the military hospital in PyinOoLwin for treatment by helicopter.

The Vice-Senior General and party paid respects to monks led by principle Sayadaw Bhaddanta Ingusa, at Hawtaung Monastery in Taung Ward, Nawnghkio, and presented donations in cash and kind. In his supplications including religious matters, the Vice-Senior General promised progress and prosperity for Nawnghkio that is greater than the degree when the town was enjoying peace and progress. The Sayadaw expressed pleasure for the restoration of Nawnghkio and prayed for further victories and safety for soldiers.

The Vice-Senior General and party then met local nationalities at the Nawnghkio town hall.

During the meeting the Vice-Senior General delivered a speech, saying the Tatmadaw and members of security forces had to retreat from Nwangkhio temporarily due to various reasons. Tatmadaw personnel are responsible to perform their duties round the clock and to protect the people from dangers they might face. However, there were advanced technical assistance, encouragement, and support from behind the scenes during the acts of terrorism. The Tatmadaw had to retreat to Taungkham and the border areas between Pyin Oo Lwin township and Nwangkhio township phase by phase. As the Tatmadaw is responsible for rehabilitation of socioeconomic lives of local residents safely, reorganization tasks were carried out in Taungkham station and launched the counter-terrorism operation codenamed Aung Zeya and personnel were able to reoccupy Nwangkhio as they make four pledges to sacrifice their live for their country, their citizens and their Tatmadaw by using their chests as bunkers every morning and night and fought the battle out of relentless perseverance and diligence. The first instruction of the Prime Minister after retaking Nwangkhio was to take measures to reopen basic education schools, which were closed for nearly one year to enable students to study peacefully and happily as today is the age of education and they will receive education only when they go to formal schools. As a result, the Ministry of Education of the government has taken measures to reopen schools as soon as possible and plans are underway to accept school admission applications starting from 22 July. We would like to request the residents to send new generation students that lead the future country without fail. Teachers are required to teach lessons to students on some holidays to enable them to actually acquire education as the school opening date is late. Secondly, the Prime Minister gave an instruction on the needs to repair the 25-bed Nwangkhio Township People Hospital as soon as possible as the hospital was destroyed by terrorist insurgents and to provide regular healthcare services to residents. Thirdly, the Prime Minister gave an instruction on measures for security and the rule of law for stability and sustainable development of Nwangkhio township. Therefore, steps must be taken to restore the security and the rule of law in Nwangkhio and surrounding villages to resume operations of government mechanisms. In doing so, local residents are required to cooperate with the Tatmadaw and departmental officials. Moreover, the free and fair multi-party democracy general, which is scheduled in December this year will be held successfully. Staff from relevant ministry departments will take measures to reissue citizenship scrutiny cards and household registration lists as soon as possible if they were lost due to various reasons to enable all eligible voters to cast their votes. As government staff are responsible to serve the people, they are required to perform their duties out of goodwill toward the people. As it is necessary to rebuild the town and villages, residents are required to cooperate with departmental officials to repair damaged houses, departmental offices and roads and bridges as soon as possible in addition to carrying out repair works by themselves. In conclusion the Vice-Senior General prayed for the recovery of Nwangkhio region to its normal situation and better socioeconomic lives, urban and rural development.



Vice-Senior General Soe Win presents foodstuffs.

Then, the Vice-Senior General presented foodstuffs including rice, cooking oil and salt and family kits which include 16 different items of the Ministry of Social Welfare, Relief, and Resettlement for local national residents to two town elders, who received them on behalf of local residents, who returned to the town. It was reported that different items and rations provided by the SAC and regional governments of Mandalay Region and Shan State had been supplied to residents by the chief minister of Shan State and senior Tatmadaw officers on 17 July.

Afterward, the Vice-Senior General cordially greeted local national residents, who attended the meeting, and spoke words of sympathy.

Then, the Vice-Senior General and accompanying members visited the public hospital in Nawnghkio and inspected the damage, including the emergency surgery room destroyed by terrorists. He instructed officials to promptly clear the damage inside and outside the hospital, reassess and reuse salvageable materials, restore cleanliness, and improve the water, electricity, and sewage systems.

After that, the Vice-Senior General and members arrived at the Nawnghkio Township Fire Department office. They met with fire department members, instructing them to collaborate with government departments and local residents in rehabilitation efforts and guiding them on other necessities, then presented them with cash rewards.

Subsequently, the Vice-Senior General and members arrived at No. (1) Basic Education High School in Nawnghkio. They inspected the Ruby Hall, classrooms, and *See Page 14*

# Vice Chairman of State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win delivers speech at opening ceremony of 8th UN Peacekeeping Officer Course






Vice-Senior General Soe Win delivers a speech at the opening ceremony of the 8th UN Peacekeeping Officer Course.

**Nay Pyi Taw July 21**

To enable Myanmar military officers and personnel to gain knowledge about United Nations peacekeeping operations, the opening ceremony of the UN Peacekeeping Officer Course, jointly organized by the Myanmar Armed Forces and the Indian Armed Forces, was held this morning at the Park Royal Hotel in Nay Pyi Taw.

The ceremony was attended by Vice Chairman of the State Administration Council Deputy Prime Minister Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, senior military officers from the Office of the Commander-in-Chief, the Commander of Nay Pyi Taw Command, H.E. Mr. Abhay Thakur, Ambassador of India to Myanmar, military attachés, Indian military instructors and Myanmar military officers attending the course and other officials.

First, Vice-Senior General Soe Win delivered the opening speech. This was followed by an address by the Indian Ambassador to Myanmar.

Afterwards, an instructor from India's Center for United Nations Peacekeeping (CUNPK) gave a PowerPoint presentation on India's participation in UN Peacekeeping Operations.

Later, Vice-Senior General Soe Win and party posed for a commemorative group photo with the CUNPK instructors and course participants.

This is the 8th edition of the course. From 2016 to 2019, a total of 130 officers and 84 soldiers attended. This year, 30 officers are participating.

The training will cover the history, structure, and regulations of UN peacekeeping operations, code of conduct for UN peacekeeping forces, protection of civilians and children, civil-military cooperation, patrolling, convoy security, and battalion camp establishment and practical exercises, including the *Blue Helmet training. The course will run until August 1.

Vice-Senior General Soe Win delivers speech at opening ceremony of the 8th UN Peacekeeping Officer Course.

100

---

*From Page 13*

the principal's office within the school. The township education officer and teachers explained their plans to begin student enrollment from July 22nd and resume class-by-class instruction. In response, Vice-Senior General instructed that the school's appearance be improved through cleanliness efforts when it reopens and that damaged classrooms be repaired as quickly as possible. He also coordinated with relevant officials to ensure the teachers' food and accommodation were convenient and presented them with financial support.

Next, the Vice-Senior General and members arrived at the Nawnghkio Township Police Station. They inspected the damage to buildings within the police station compound, which had been destroyed by terrorists, and observed the strongly fortified defensive positions established by them. Meeting with police force members, the Vice-Senior General instructed them to faithfully and diligently work with relevant organizations on security and rule of law during the rehabilitation period, emphasizing loyalty to the state and their own organization, and provided guidance on other necessities, along with presenting cash rewards.

The Vice-Senior General and accompanying officials arrived at the Naungcho Municipal Development Office, where they met with district- and township-level departmental personnel to discuss measures related to security and law enforcement aimed at restoring public trust in Nawnghkio. In efforts to promptly reestablish government administrative functions, directives were issued to reorganize administrative structures at the township, ward, and village levels. Additionally, instructions were given to make necessary preparations in advance to ensure that all eligible voters can exercise their voting rights in the upcoming multi-party democratic elections. Officials were instructed to carry out rehabilitation and public welfare duties with integrity and without corruption. Departmental buildings destroyed by terrorists and damaged buildings of local people should be inspected at Level I/II, classified into orange and red levels, and the work plan issued by the Buildings Restoration, Utilization, and New Buildings Construction Supervision Committee should be implemented as soon as possible. Priority should be given to the immediate commencement of work on schools and hospitals. The Nawnghkio Township Administrative Committee also appealed to local ethnic residents who wish to live peacefully under the state government's administrative authority, religious institutions, and the rule of law within Nawnghkio Township's neighborhoods and villages, and who are committed to honest work for their socio-economic well-being, to return to their homes as soon as possible. He instructed that systematic arrangements for resettlement be reviewed and implemented, rehabilitation work plans be developed, and weekly coordination meetings be held to ensure timely completion while meeting all necessary requirements. 100

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံ သုတေသီများက Rail Gun လက်နက်ဒီဇိုင်းအသစ်ကို စမ်းသပ်ပစ်ခတ်လျက်ရှိ



တရုတ်နိုင်ငံ သုတေသီများသည် လက်ရှိဒီဇိုင်းများ၏ ပစ်ခတ်မှုစွမ်းအား ကန့်သတ်ချက်များကို ကျော်လွှားနိုင်ရန် အတွက် Rail Gun လက်နက်စနစ်ဒီဇိုင်း အသစ်တစ်မျိုးကို စမ်းသပ်ပစ်ခတ်လျက် ရှိကြောင်း Interesting Engineering သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြောင်းတစ်လက်တည်းတွင် Rail Gun နှစ်ခုကိုX-ပုံစံ ထပ်ဆင့်တပ်ဆင်ခြင်းက ၎င်းတို့လိုအပ်နေသည့် ဖြေရှင်းချက် ဖြစ်နိုင်သည်ဟု တရုတ်နိုင်ငံ သုတေသီများက ယုံကြည်ကြသည်။

Rail Gun လက်နက်စနစ်ဆိုသည်မှာ ပေါက်ကွဲပစ္စည်းများ သို့မဟုတ် ယမ်းမှုန့်များကို အသုံးမပြုဘဲ လျှပ်စစ်သံလိုက်အားကို အသုံးပြု၍ ကျည်ဆန်များကို ပစ်လွှတ်သည့် အနာဂတ်မျိုးဆက်သစ်၊ လက်နက်တစ်မျိုးဖြစ်သည်။ ဒီဇိုင်းများကွဲပြားသော်လည်း Rail Gun လက်နက်များသည် ပုံမှန်အားဖြင့် လျှပ်စစ်ကိုအသုံးပြု၍ အားကောင်းသော သံလိုက်စက်ကွင်းများကို ထုတ်လုပ်ပြီး အထူးပြုလုပ်ထားသည့် ကျည်ဆန်ကို တစ်နာရီ ၅၃၄၄ မိုင် သို့မဟုတ် ကီလိုမီတာ ၈၆၀၀ ခန့်ထိ အလွန်မြင့်မားသော မြန်နှုန်းဖြင့် အရှိန်မြှင့်တင် ပစ်လွှတ်နိုင်သည်။

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားသည် Rail Gun လက်နက်စနစ်ကို စမ်းသပ်ခဲ့ကြပြီး တရုတ်နိုင်ငံ၏ ကိုယ်ပိုင်ဗားရှင်းကို ၂၀၁၈ ခုနှစ်တွင် တီထွင်နိုင်ခဲ့ကြသည်။ Rail Gun လက်နက်ကို တရုတ်နိုင်ငံ Type 072III-class ကမ်းတက်ချေမှုန်းရေးစစ်ရေယာဉ် Haiyangshan ပေါ်တွင် တပ်ဆင်ခဲ့ပြီး ထိုစဉ်က ပထမဆုံးသော ဒီဇိုင်းအဖြစ် သတ်မှတ်ခဲ့ကြသည်။

တရုတ်နိုင်ငံ၏ လက်ရှိ Rail Gun လက်နက်ဒီဇိုင်းအသစ်သည် မည်သည့် နိုင်ငံမျှ မကျော်လွှားနိုင်သော စစ်လက်နက် နည်းပညာကိုပိုင်ဆိုင်ထားနိုင်ပြီဟု ထင်ရသော်လည်း အချိန်ကြာလာသည်နှင့်အမျှ ၎င်း၏ ကန့်သတ်ချက်များ ထင်ရှားလာခဲ့သည်။ ရေတပ်သုံးလက်နက်ဖြစ်သည့် အတွက် စွမ်းအားပိုမိုလိုအပ်မှုသည် ပြဿနာတစ်ရပ် ဖြစ်လာခဲ့ကြောင်း သိရသည်။

လျှပ်စီးကိုသယ်ဆောင်ကာကျည်ဆန်ကို ပစ်လွှတ်ရာတွင် ကူညီပေးသည့် U-ပုံစံ Armature ကဲ့သို့သော လျှပ်စီးအား အလွန်မြင့်မားခြင်းက သတ္တုအစိတ် အပိုင်းများကို အရည်ပျော်စေနိုင်သည်။ သံလိုက်အားများက ပစ်ခတ်နေစဉ်အတွင်း အရည်ပျော်နေသော သတ္တုကို သံလိုက်လှကဲ့သို့ ဆုတ်ဖြဲပစ်နိုင်သည်။ ၎င်းသည် Rail Gun ကျည်ထွက်ရာလျှောလမ်းများကိုပျက်စီးစေပြီး စွမ်းဆောင်ရည်ကို လျော့ကျစေသည်။ လက်ရှိတွင် ရေတပ်၏ Rail Gun သည် အလေးချိန် ၃၃ ပေါင်ရှိသော ကျည်ဆန်များကိုသာ ပစ်ခတ်နိုင်ရန် ကန့်သတ်ထားပြီး ၎င်းသည် သင်္ဘောတစ်စီးကိုပျက်စီးစေရန် လုံလောက်မှု မရှိသေးဘဲ လက်နက်သည် တိုက်ပွဲဝင် အသင့်မဖြစ်သေးကြောင်း ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ သုတေသီအဖွဲ့သည် X-ပုံစံ Armature နည်းပညာအသစ်အတွက် မူပိုင်ခွင့်ကို လျှောက်ထားပြီးဖြစ်သော်လည်း လက်ရှိအချိန်ထိ တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုများ မပြုလုပ်ရသေးပေ။ အကယ်၍ စမ်းသပ်မှုများအောင်မြင်ပါက ကျည်ဆန်သည် ခြောက်မိနစ်အတွင်း အကွာအဝေး မိုင် ၂၄၈ မိုင်ထိ ရောက်ရှိနိုင်လိမ့်မည်ဖြစ်သည်။

ပစ်မှတ်ပေါ်သို့ ကျည်ဆန်၏ သက်ရောက်မှုအလျင်နှုန်းသည် Mach 4 ထက် ကျော်လွန်နိုင်သည်ဟုလည်း သုတေသီအဖွဲ့က ယုံကြည်ထားသည်။ ဤပြဿနာကို ဖြေရှင်းရန်အတွက် လက်တွေ့စမ်းသပ်ပစ်ခတ်မှုများ ထပ်မံပြုလုပ်ရန် လိုအပ်ဦးမည်ဖြစ်ကြောင်း သိရသည်။

**China’s new X-shaped rail gun design doubles firepower and improves range** ကို ဘာသာပြန်ဆိုထားပါသည်။

## Epirus ကုမ္ပဏီက အမေရိကန်ကြည်းတပ်ကို တိုက်ရိုက်စွမ်းအင်သုံးနည်းပညာများပံ့ပိုးရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

Epirus ကုမ္ပဏီသည် ဒရုန်းအုပ်များနှင့် အခြားဝေဟင်ခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် မျိုးဆက်သစ် တိုက်ရိုက်စွမ်းအင်သုံး နည်းပညာများ ပံ့ပိုးပေးရန်အတွက် ကန်ဒေါ်လာ ၄၃ ဒသမ ၅၅ သန်းတန်ဖိုးရှိ သဘောတူစာချုပ်တစ်ရပ်ကို အမေရိကန်ကြည်းတပ်နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤစာချုပ်သည် တိုက်ရိုက်စွမ်းအင်သုံးလက်နက်စနစ် ဖွံ့ဖြိုးတိုးတက်မှုနှင့် အတည်ပြုစစ်ဆေးမှုအဆင့်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး IFPC-HPM ဟု အမည်ပေးထားသည့် မိုက်ခရိုဝေ့ဖ်လက်နက်စနစ် နှစ်စုံ၊ ဆက်စပ်စမ်းသပ်မှုများ၊ အထောက်အကူပြု ပစ္စည်းကိရိယာများနှင့် အပိုပစ္စည်းများ ပါဝင်မည်ဖြစ်သည်။ ထို့ပြင် နောက်ထပ်စမ်းသပ်မှုများ၊ အစိတ်အပိုင်းများနှင့် ပံ့ပိုးမှုများအတွက် ထောက်ပံ့ပေးသွားနိုင်ရန်လည်း စာချုပ်များ ထပ်မံချုပ်ဆိုနိုင်ရေး ပါဝင်သည်။

တိုက်ရိုက်စွမ်းအင်သုံး နည်းပညာများတွင် အလင်း၊ အပူစသည့် စွမ်းအင်များကို အာရုံစိုက်၍ ပစ်မှတ်ဆီသို့ တိုက်ရိုက်ထိခိုက်စေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်သည်။ ၎င်းတွင် အများအားဖြင့် လျှပ်စစ်သံလိုက်လှိုင်းကို အသုံးပြုပြီး အလင်းအမြန်နှုန်းဖြင့် ရွေ့လျားလေ့ရှိသည်။

ကုမ္ပဏီဘက်မှတိုက်ရိုက်စွမ်းအင်သုံး ပထမဆုံး မိုက်ခရိုဝေ့ဖ်စနစ်ကို ယခုနှစ် ဇူလိုင်လကုန်တွင်လည်းကောင်း၊ ဒုတိယ တစ်စုံကို ဩဂုတ်လကုန်တွင်လည်းကောင်း အပြီးသတ်ထုတ်လုပ်ပေးသွားနိုင်မည်ဖြစ်ပြီး လိုအပ်ချက်အရ ထပ်မံမှာယူလာပါက အဆင်သင့်ဖြစ်စေရန် တတိယမြောက် တစ်စုံကို စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလတွင် ကယ်လီဖိုးနီးယားရှိ ရေတပ်လေကြောင်းလက်နက်တိုက်၌ လက်နက်စနစ် စမ်းသပ်မှုများနှင့် အကဲဖြတ်ဆန်းစစ်မှုများကို ပြုလုပ်ရန် စီစဉ်ထားသည်။ အကယ်၍ အောင်မြင်ခဲ့ပါက အမေရိကန်ကြည်းတပ်သည် IFPC-HPM မျိုးဆက်သစ်မိုက်ခရိုဝေ့ဖ်လက်နက်စနစ် အမြောက်အမြား ဝယ်ယူသွားမည်ဖြစ်သည်။

Epirus ကုမ္ပဏီ၏ Leonidas အမျိုးအစား IFPC-HPM စနစ်များသည် လှိုင်းနှုန်းရှည် မိုက်ခရိုဝေ့ဖ်များကို ထုတ်လွှင့်ခြင်းဖြင့် မောင်းသူမဲ့လေယာဉ်၊ ဒရုန်းအများအပြား၏ အီလက်ထရွန်နစ်စနစ်များကို တစ်ပြိုင်နက်တည်း အသုံးပြုမရအောင် ပြုလုပ်နိုင်ပြီး ၎င်းတို့ကိုထိရောက်စွာ ရပ်တန့်ပစ် နိုင်ပါသည်။ ၎င်းစနစ်သည် သတ်မှတ်ထားသော ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် ဆော့ဖ်ဝဲထည့်သွင်းရေးသားထားသော ပြောင်းလွယ်ပြင်လွယ်




ဖွဲ့စည်းနိုင်သည့်ဒီဇိုင်းတို့ကို အသုံးပြုထားပြီး ကြွံခိုင်၊ ပြုပြင်ထိန်းသိမ်းမှု ကုန်ကျစရိတ်များကိုလျှော့ချကာ အဆင့်မြှင့်တင်မှုများကို ရိုးရှင်းစွာဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ပထမဆုံး IFPC-HPM မိုက်ခရိုဝေ့ဖ်လက်နက်စနစ် ရှေ့ပြေးပုံစံတွေကို စမ်းသပ်မှုတွေ အပြင်းအထန်ပြုလုပ်ခဲ့ပြီး အောင်မြင်တဲ့ရလဒ်တွေနဲ့ ထွက်ပေါ်လာခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စွမ်းအင်အခြေခံ HPM စွမ်းအားမြင့် မိုက်ခရိုဝေ့ဖ်လက်နက်စနစ်ရဲ့ ဒုတိယမျိုးဆက်နဲ့အတူ IFPC-HPM ရဲ့ နောက်ထပ် တိုးတက်လာမှုတွေကတော့ ပိုပြီးစွမ်းအားမြင့်မားလာမယ်၊ လုပ်ငန်းတာဝန်များ ပိုမိုလုပ်ဆောင်နိုင်လာမယ်၊ ခြုံငုံကြည့်ရင် ပိုပြီးထူးခြားလာပါလိမ့်မယ်"ဟု Epirus ကုမ္ပဏီမှ CEO ဖြစ်သူ Andy Lowery က ပြောကြားခဲ့သည်။

အချိန်ကြာမြင့်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် သိပ်သည်းဆမြင့်မားသော ဘက်ထရီများကိုလည်း အသုံးပြုထားပေးမည်ဖြစ်သည်။ Epirus ကုမ္ပဏီအဆိုအရ ဤစနစ်တွင် ပြင်ပစွမ်း အင်လိုအပ်ချက်လျော့နည်းခြင်း၊ ပစ်မှတ်ကို ထိထိရောက်ရောက် တိုက်ဖျက်ရန် စွမ်းအင်ထုတ်လွှင့်မှုကို အမြင့်ဆုံးရရှိစေမည့် အလွန်ရှည်လျားသော မိုက်ခရိုဝေ့ဖ်လှိုင်းလုံးများ၊ ပစ်မှတ်များစွာကို ပိုမိုလျင်မြန်စွာထိတွေ့တိုက်ဖျက်နိုင်စေမည့် နည်းလမ်းပါရှိခြင်းနှင့် အဆင့်မြင့် လှိုင်းပုံစံနှင့်လှိုင်းအမျိုးအစားပြောင်းလဲနိုင်သည့် နည်းပညာများပါဝင်မည် ဖြစ်ကြောင်း သိရသည်။

**Epirus Bags $43M US Army Anti Drone Directed Energy Tech Gen II Deal** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

☆ ကျောဖုံးမှအဆက်

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ကျင်းပပြုလုပ်သည့် အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထိုသို့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများ ဖြည့်ဆည်းဆောင်ရွက်ကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter– Terrorism Operation)ကို တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက်သောင်းကျန်းသူများကို လေ့ခွက်ကြီးကျန်အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်များဖြင့် ရဲရဲတက်တက်၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များကို ဂုဏ်ပြုခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်မြေပြင်တွင်စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင်တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်တစ်ဦးကို အဆင့်တံဆိပ်တပ်ဆင်ပေးစဉ်။

ရဲရဲတိုက်၊ရဲရဲချေမှုန်းခဲ့မှုကြောင့် နောင်ချိုမြို့ကိုပြန်လည်သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ဂုဏ်ကိုမြှင့်တင်နိုင်ခဲ့သည့် တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များကို တပ်မတော်ကိုယ်စား၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မိမိအနေဖြင့်ကျေးဇူးတင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ထိုသို့ရရှိထားသည့်အစဉ်အလာကောင်းများကိုဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် တပ်မတော်ကိုမည်မျှယုံကြည်အားကိုးသည်ကိုအားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများစိတ်အေးချမ်းသာစွာဖြင့်နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊** အားသာချက်၊ အားနည်းချက်များကိုပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာအသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦးပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင်တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များတပ်ဆင်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က အရာရှိ၊စစ်သည်များအတွက် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူများ လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနက ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါယာယီဆေးရုံကို ဇူလိုင် ၂၀ ရက်ကစတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ဆေးလာရောက်ကုသသူဦးရေ ၁၆၀ ရှိကြောင်း၊ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊အရေးပေါ်ကုသရေးလုပ်ငန်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် ယာယီဆေးရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားစဉ် ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်းခေါ်ဆောင်လာခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

**လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိ ကျေးရွာများ အစိုးရ၏အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန်ဆောင်ရွက်သွားမည်ဖြစ်၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လို . . .**

မိမိတို့တပ်မတော်သားများတွင် တာဝန်ရှိသည့်အားလျော်စွာ လိုအပ်သည့်အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation)ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်အဓိဋ္ဌာန်ပြုပါ၏ဟု မနက်၊ညနေတိုင်း သစ္စာ(၄)ချက်ရွတ်ဆိုကြသူများပီပီ မဆုတ်မနစ်သော ဇွဲ၊လုံ့လ၊ဝီရိယဖြင့်ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ယာယီဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကြည့်ရှုအားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ထောက်ပံ့ငွေများပေးအပ်စဉ်။

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂသအမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊နဝကမ္မအလှူငွေနှင့်လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းပြီး နောင်ချိုမြို့ကို ယခင်အေးချမ်းစဉ်ကာလဖွံ့ဖြိုးတိုးတက်စည်ပင်မှုထက် ပိုမို၍ ဖွံ့ဖြိုးတိုးတက်စည်ပင်သော မြို့အဖြစ် တစ်ဖန်ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားမည့် အခြေအနေများနှင့် သာသနာဆိုင်ရာကိစ္စရပ်များ အပါအဝင် ဆရာတော်၊သံဃာတော်များ၏ ကျန်းမာရေးအခြေအနေများကိုလျှောက်ထားရာ ဆရာတော်က ယခုကဲ့သို့နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအတွက် များစွာဝမ်းမြောက်ကြောင်း ပြန်လည်မိန့်ကြားပြီးနောက် တပ်မတော်သားများအားလုံးအတွက် ဆက်လက်အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိမြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နောင်ချိုမြို့ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းကြောင်းကြောင့် ခေတ္တစွန့်ခွာခဲ့ရကြောင်း၊တပ်မတော်သားများသည်နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိပြီး ပြည်သူများအပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်များရန်မှကာကွယ်စောင့်ရှောက်ရမည့် တာဝန်လည်းရှိကြောင်း၊သို့သော်လည်း အကြမ်းဖက်ဖြစ်စဉ်များတွင်နောက်ကွယ်မှ အဆင့်မြင့်နည်းပညာများဖြင့် ကူညီပေးမှုများ၊အားပေးအားမြှောက်မှုများနှင့် ထောက်ပံ့ပေးမှုများကြောင့် နောင်ချိုဒေသတစ်ဝိုက်မှအဆင့်ဆင့် တောင်ခမ်းဒေသနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ် နယ်နိမိတ်အစပ်အထိ ခွာစစ်ဆင်ခဲ့ရပါကြောင်း၊ နောင်ချိုမြို့နယ်ရှိ ဒေသပြည်သူများ၏ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝပြန်လည်ထူထောင်နိုင်ရေးအတွက် တပ်မတော်က နောင်ချိုမြို့ကို ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးခြင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကိုသင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များပေါ်များစေရေး တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသား၊ကျောင်းသူများပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့်

**စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ပေါ်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

မိမိတို့နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရေး စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် ဆရာ၊ ဆရာမများကလည်း ကျောင်းဖွင့်ချိန်နောက်ကျခဲ့သည့်အတွက် ကျောင်းသင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှရယူ၍ သင်ခန်းစာအကုန်သင်ကြားပေးစေလိုပါကြောင်းနှင့် တတ်မြောက်အောင်လည်းသင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြစ်ပြီး ၂၅ ခုတင်ဆံ့ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံး ပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ထို့ကြောင့် **နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိ ကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရား လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထို့ပြင် ယခုနှစ် ဒီဇင်ဘာလအတွင်းကျင်းပပြုလုပ်မည့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆိုပါဝင်မဲပေးခွင့်ရရှိရေးလိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများဖြစ်သည့်အတွက် ပြည်သူများ အပေါ်စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိမြို့ရွာကို မိမိတို့က ပြန်လည် တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက် သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများအမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် နောင်ချိုဒေသအား မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ မြို့ရွာများ အမြန်ဆုံးစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား စသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ပေးအပ်သည့် ပစ္စည်း ၁၆ မျိုးပါ Family Kit များကို ထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရပ်မိရပ်ဖ နှစ်ဦးက လက်ခံရယူသည်။ နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့ပေးသည့် အမည်စုံပစ္စည်းများနှင့် ရိက္ခာများကို ဇူလိုင် ၁၈ ရက် တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်မတော် အရာရှိကြီးများက အပြည့်အစုံပေးအပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ စည်ပင်သာယာရေးရုံး၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှာကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဆေးရုံအတွင်းနှင့်အပြင် ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ဖယ်ရှားရှင်းလင်းစဉ်ဆယ်တင်အသုံးပြု၍ရသည့်ပစ္စည်းများကို ပြန်လည်ဆန်းစစ်မှုများပြုလုပ်ကာ အသုံးပြုနိုင်ရေး၊ ဆေးရုံအတွင်း၊အပြင် သန့်ရှင်းသာယာလှပရေး၊ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်စေရေးတို့ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့်အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအတွင်းရှိ ပတ္တမြားခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ၊ဆရာမများက ဇူလိုင် ၂၂ ရက်မှစတင်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံပေးသွားပြီး အတန်းအလိုက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ရမည့် စာသင်ဆောင်များကို အမြန်ဆုံး ဆောင်ရွက်သွားရန်မှာကြားပြီး ဆရာ၊ဆရာမများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့မရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝင်းအတွင်း အကြမ်းဖက် သောင်းကျန်းသူများက အဆောက်အအုံများကို ဖျက်ဆီးခဲ့မှုနှင့် အခိုင်အမာခံစစ်စခန်း တည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့စည်ပင်သာယာရေးရုံးသို့ ရောက်ရှိကြပြီး ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှု ပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံး ပြန်လည်

**စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့မရဲစခန်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





ယာယီဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်းခေါ်ဆောင်လာစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့် ဆုံးရှုံးမှုမရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာဝန်ဆောင်မှုပေးရန်၊ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ ပျက်စီးသွားသည့် အဆောက်အအုံများကို Level I/II စစ်ဆေး၍ လိမ္မော်နှင့် အနီရောင်အဆင့်ခွဲခြားသတ်မှတ်ကာ အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီက ထုတ်ပြန်ထားသည့် လုပ်ငန်းအစီအမံအတိုင်း အဆင့်လိုက်အမြန်ဆုံးဆောင်ရွက်ကြရန်နှင့်ဦးစားပေးအဖြစ် စာသင်ကျောင်းနှင့် ဆေးရုံကိုချက်ချင်း စတင်ဆောင်ရွက်ရန်၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ကလည်း နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက်၊ ဘာသာသာသနာ၏ ဓမ္မစက်နှင့် တရားဥပဒေစိုးမိုးမှုအောက်သို့ အေးချမ်းစွာနေထိုင်လိုပြီး မိမိတို့၏လူမှုစီးပွားဘဝအတွက်ရိုးသားစွာလုပ်ကိုင် စားသောက်လိုသည့် မည်သည့်ဒေသခံတိုင်းရင်းသားမဆို မိမိတို့၏ရပ်ကွက်အိုးအိမ်များတွင် အမြန်ဆုံးနေထိုင်မည်ဆိုပါက စနစ်တကျစိစစ်၍ ပြန်လည်နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များရေးဆွဲခြင်း အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ၍ လုပ်ငန်းများအမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်မိန့်ခွန်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံ Center For United Nations Peacekeeping(CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် (CUNPK)မှ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် ၈ ကြိမ်မြောက်ဖွင့်လှစ်ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း အရာရှိဦးရေ ၁၃၀၊ စစ်သည် ၈၄ ဦးတက်ရောက်ခဲ့ကြကာ ယခုသင်တန်းတွင် အရာရှိဦးရေ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့်ကျင့်ဝတ်များ၊ အရပ်သားများကို ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်းတည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း Blue Helmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁ ရက်ထိ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်”** ခေါင်းစဉ်ဖြင့် ၂၃-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“NUG၊ PDF တို့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာမုန်းတီးပြီး အမြင်မှန်တွေနဲ့အတူ အဆက်မပြတ် အလင်းဝင်လာကြတဲ့ PDF လူငယ်များ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ပန်းတိုင်အထွက်နှုန်းပြည့်မီရေးမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝတိုးတက်ရေးဆီသို့



လက်ရှိကာလတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ တာဝန်ယူထားရသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဂ္ဂဗျူဟာ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။ အဂ္ဂဗျူဟာမှာ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်တို့ဖြစ်သည်။ မဟာဗျူဟာမှာ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ဖြစ်ပြီး နည်းဗျူဟာမှာ ဦးတည်ချက်(၉)ရပ်ဖြစ်သည်။ ဗျူဟာ ၃ ခုစလုံးတွင် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များပါရှိသည်။ နိုင်ငံတိုင်းအတွက်၊ လူသားတိုင်းအတွက် အလွန်အရေးပါသောအရာများတွင် စီးပွားရေးပါဝင်သည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သကဲ့သို့ လူတစ်ဦးချင်းအနေဖြင့် လူရိုသေရှင်ရိုသေနေထိုင်နိုင်ပြီး နိုင်ငံသည်လည်း ဝပြောသာယာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ကြွယ်လာမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတိုင်း၏ တစ်ဦးချင်းဝင်ငွေတိုးတက်စေပြီး အလုပ်လက်မဲ့နှုန်းကျဆင်းလာမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် စီးပွားရေးမောင်းနှင်အားကောင်းမွန်ဖို့ရာအဓိကဖြစ်သည်။ စီးပွားရေးမောင်းနှင်အားကောင်းမွန်လာပါက နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားလည်းကောင်းမွန်လာမည်ဖြစ်သည်။

သို့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော ကုန်ထုတ်လုပ်ငန်းများမြှင့်တင်နိုင်ကာ ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားစေရေး တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကွက်ပြည့်နှင်းကာ ဒေသအလိုက် မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုခြင်း၊ လိုအပ်သည်များ လမ်းညွှန်မှာကြားခြင်း၊ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် မိတ္ထီလာခရိုင်သို့ ရောက်ရှိခဲ့သည်။ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ် **"မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နိုင်ငံအတွင်းနေရာဒေသအနှံ့အပြားသို့တင်ပို့နိုင်သည့်အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြင်ပသို့ဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်းတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း"**ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲက မိတ္ထီလာခရိုင်နှင့်ပတ်သက်သော စိုက်ပျိုးရေးဆိုင်ရာတွက်ချက်မှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပန်းတိုင်သီးနှံများစိုက်ပျိုးမှုအနေဖြင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့ကြောင်းကို မိတ္ထီလာခရိုင်၏ ပန်းတိုင်သီးနှံ(၁၀)မျိုးဖြစ်သော စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ မတ်ပဲ၊ ကြံသီးနှံထဲမှ အချို့သီးနှံများကို ဥပမာပေးပြီးပြောကြားခဲ့ပါသေးသည်။ မိတ္ထီလာမြို့နယ်အတွက် ပန်းတိုင်သီးနှံများထဲမှ တစ်ခုဖြစ်သော မိုးစပါးပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ သတ်မှတ်ထားသော်လည်း အမှန်တကယ်ထွက်ရှိမှုမှာ ပျမ်းမျှတစ်ဧကလျှင် ၆၂ ဒသမ ၆၅ တင်းသာဖြစ်၍ ၃၇ ဒသမ ၃၅ တင်းလျော့နည်းခဲ့ကြောင်း၊ တစ်တင်းလျှင် ကာလပေါက်ဈေးငွေကျပ် ၂၂၀၀၀ ဖြင့်တွက်ကြည့်မည်ဆိုလျှင် ၁၀ ဒသမ ၃၆၉ ဘီလီယံခန့်ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး မိတ္ထီလာခရိုင်တစ်ခုလုံးအနေဖြင့်ဆိုလျှင် ၇၉ ဒသမ ၇၉၁ ဘီလီယံဝင်ငွေလျော့နည်းခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက် မပြည့်မီသဖြင့် နွေစပါးထွက်ရှိမှုတွင် ၄ ဒသမ ၆ ဘီလီယံ၊ မြေပဲထွက်ရှိမှုတွင် ၄၆ ဒသမ ၈၉၅ ဘီလီယံ၊ နှမ်းထွက်ရှိမှုတွင် ၅၈၀ ဒသမ ၄၈ ဘီလီယံလျော့နည်းခဲ့ပြီး နေကြာ၊ ပဲတီစိမ်း စသည့်သီးနှံများအပါအဝင် မိတ္ထီလာခရိုင်သည် စိုက်ပျိုးရေးလုပ်ငန်းတွင် ၉၈၀ ဘီလီယံ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

ဘီလီယံဆိုသည်မှာ လူတိုင်းမြင်လွယ်အောင်ပြောရမည်ဆိုလျှင် ၁ နောက်တွင် သုည ၉ လုံးပါသော တန်ဖိုးတစ်ခုဖြစ်သည်။ ၁ ဘီလီယံသည် သိန်းပေါင်း ၁၀၀၀၀ နှင့်ညီမျှသည်။ ဘီလီယံ ၉၈၀ ဆိုလျှင် သိန်းပေါင်းဘယ်လောက်ရှိကြောင်းတွေးဆကြည့်၍ ရလောက်ပြီထင်သည်။ ထိုမျှများလှသော ငွေကြေးများသည် မိတ္ထီလာခရိုင်တစ်ခုတည်းတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ ဆုံးရှုံး

## ဘုန်းမောင်ဝင်း(ဖျာပုံ)

ရသော တိုင်းပြည်၏ဘဏ္ဍာငွေဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံးခရိုင်ပေါင်း ၁၂၀ ကျော်ရှိသည့်အတွက် ပန်းတိုင်ရည်မှန်းချက်မပြည့်မီလျှင် ဆုံးရှုံးလျော့နည်းရမည့် ပမာဏမှာ ထို့ထက်ပို၍ များပေတော့မည်။ ထိုဆုံးရှုံးမှုများသည် ဒေသတစ်ခု၊ ခရိုင်တစ်ခု၏ ဆုံးရှုံးမှုတင်မဟုတ်ဘဲ တိုင်းပြည်ဝင်ငွေ ဘီလီယံပေါင်းများစွာ ဆုံးရှုံးနစ်နာရခြင်းဖြစ်သည်။ ပို၍အသေးစိတ်တွေးလျှင် တိုင်းပြည်ဝင်ငွေတင်မဟုတ် ဒေသအလိုက်နေထိုင်သော ပြည်သူတို့၏စားရေးအတွက် စားရေရိက္ခာဖူလုံမှုကိုပါ ထိခိုက်စေခြင်းဖြစ်သည်။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသတွင်နေထိုင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင်

**စာမျက်နှာ ၂၁ သို့**

## ပန်းတိုင်သီးနှံများ



စပါး



မြေပဲ



နှမ်း



နေကြာ



ပဲတီစိမ်း



ပဲစင်းငုံ



ချည်မျှင်ရှည်ဝါ



အစေ့ထုတ်ပြောင်း



မတ်ပဲ



ကြံ




**စာမျက်နှာ ၂၀ မှအဆက်**

အဓိကမူတည်သည်။ **“ငါတို့ဒေသ ငါတို့တိုးတက်အောင် လုပ်ဆောင်ကြမယ်”**ဆိုသောစိတ်ဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြမည်ဆိုပါက အောင်မြင်မှုအသီးအပွင့်များကို ပျော်ရွှင်စွာခံစားကြရပေမည်။ မိတ္ထီလာဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ခြင်းဖြင့် ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သလို နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်သည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီ၍ ၉၈၀ ဘီလီယံခန့် ဆုံးရှုံးမှုမျိုးမဖြစ်ပေါ်စေရေး နည်းလမ်းရှာဖွေကြမည်ဆိုလျှင် သီးနှံများ ထပ်မံစိုက်ပျိုးရန်အတွက် မြေကေချဲ့မည် တွေးသော်မှားပေလိမ့်မည်။ တကယ့်လက်တွေ့ကျကျဖြေရှင်းနည်းမှာ ရှိရင်းစွဲစိုက်မြေကေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် စိုက်ပျိုးသည့်မျိုးများကောင်းမွန်ရမည်။ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် သုတေသနပြုလုပ်စိုက်ပျိုးရမည်။ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုက်ဆန်လျှော်များ စိုက်ပျိုးဆောင်ရွက်နိုင်သည်။ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများဖြင့် ဇီဝမြေဩဇာများကိုအသုံးပြုရမည်။ အလားတူရေလုံလောက်စွာရရှိရေးရှိပြီးဖြစ်သည့်ရေအရင်းအမြစ်များကိုအသုံးချ၍ ဆောင်ရွက်ရမည်။ မြေအောက်ရေနှင့်မိုးရေများနှင့် မြစ်ရေတင်စီမံကိန်းများမှရေများကို အသုံးချဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် သွင်းအားစုများ ကောင်းမွန်သော်လည်း စိုက်ပျိုးမှုတွင် နည်းစနစ်မကျပါက အောင်မြင်မှုရရှိမည် မဟုတ်သည်ကို သတိပြုရပေမည်။ သတ်မှတ်ထားသည့် ကောက်ကွက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်သော် ရှိရင်းစွဲစိုက်မြေကေပေါ်တွင် မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို အခြေခံပေါင်းစပ်ပြီး တစ်ကေပန်းတိုင်ရည်မှန်းချက်များအတိုင်း အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးခြင်းကသာ မှန်ကန်သည့်နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီသော် တိုင်းပြည်အတွက် ဝင်ငွေဆုံးရှုံးရခြင်းလည်း ရှိနိုင်တော့မည်မဟုတ်ပေ။

မြန်မာနိုင်ငံသည် ရေခံ၊ မြေခံကောင်းမွန်သည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံရှိဒေသအသီးသီးမှာ စိုက်ပျိုးမွေးမြူရေးကို လုပ်ဆောင်နိုင်သည့် ဒေသများသာဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသည်လည်း စိုက်ပျိုးမွေးမြူရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်သည့်ဒေသဖြစ်သည်။ ထိုဒေသတွင် မိတ္ထီလာသည်လည်းတစ်ခုပါဝင်သည်။ မိတ္ထီလာသည် ပထဝီဗဟိုချက်၊ စီးပွားရေးဗဟိုချက်၊ လမ်းပန်းဆက်သွယ်ရေးဆုံမှတ် သုံးခုစလုံး၏အကျိုးကျေးဇူးကို ခံစားရသော မြန်မာနိုင်ငံ၏ အချက်အချာကျမြို့ဖြစ်သည်။ မြန်မာနိုင်ငံအထက်၊ အောက်၊ အရှေ့၊ အနောက် စသည့်မည်သည့်နေရာမဆိုလက်လှမ်းမီသည့်ဒေသဖြစ်သည်။

မိတ္ထီလာမြို့နှင့် ပတ်သက်လာလျှင် နိုင်ငံကိုအုပ်ချုပ်ခဲ့သော ရှေးမြန်မာဘုရင်အဆက်ဆက်တို့စိတ်ဝင်စားရာနေရာဒေသဖြစ်ခဲ့သည်။ စိတ်ဝင်စားသည့် အကြောင်းအချက်များတွင် အဓိကအားဖြင့် နိုင်ငံစီးပွားရေးအတွက် အချက်အချာဖြစ်နေခြင်းသည်လည်း အကြောင်းတစ်ခုဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည်လည်း ရှေးကမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာနှင့်အညီ မိတ္ထီလာမြို့ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင်ရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

လေ့လာကြည့်လျှင် မိတ္ထီလာမြို့သည် နိုင်ငံတော်အတွက် “စား၊ ဝတ်၊ နေ”ရေး၊ ပညာရေးတို့ကိုဖန်တီးတည်ဆောက်ပေးနေသောမြို့ဖြစ်သည်။ စားရေးအတွက် စိုက်ပျိုးမွေးမြူရေး၊ ဝတ်ရေးအတွက် ချည်မျှင်နှင့်အထည်စက်ရုံများ၊ နေရေးအတွက် သဘာဝသစ်တောများ၊ ပညာရေးအတွက် အဆင့်မြင့်တက္ကသိုလ်များ ရှိနေသည်။ လူသားတို့အတွက် စားဝတ်နေရေး၊ ပညာရေးဆိုင်ရာမရှိမဖြစ်လိုအပ်သည့်အရာများကို မိတ္ထီလာမြို့တွင် စီမံတည်ဆောက်ပေးထားသည်။

မိတ္ထီလာမြို့၏ ပထဝီဆိုင်ရာအချက်အလက်များကို လေ့လာကြည့်ပါက မြောက်ဘက်တွင် မြင်းခြံခရိုင် တောင်သာမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်၊ အရှေ့ဘက်တွင် ရှမ်းပြည်နယ် ရွာငံမြို့နယ်၊ တောင်ဘက်တွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၊ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်နှင့် ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ တည်ရှိသည်။ မိတ္ထီလာခရိုင်သည် ဧရိယာအကျယ်အဝန်းအားဖြင့် ၂၂၃၅ ဒသမ၂၅ စတုရန်းမိုင်ရှိသည်။ အရှေ့-အနောက်အကွာအဝေး ၇၂ မိုင်၊ တောင်-မြောက်အကွာအဝေး ၆၂ မိုင်ရှိသည်။ မြေမျက်နှာသွင်ပြင်အနေဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၀ မှ ပေ ၉၀၀ အတွင်းရှိသည်။ မြေပြန့်လွင်ပြင်အချို့နှင့် အရှေ့ပိုင်း ရှမ်းကုန်းပြင်မြင့်နှင့်ဆက်စပ်သောဒေသများတွင် တောင်ကုန်း၊ တောင်တန်းများပေါများပြီး အလယ်ပိုင်းတွင် မယ်ညိုတောင်တန်းနိမ့်များတည်ရှိသည်။ ရာသီဥတုအနေဖြင့် ပူပြင်းခြောက်သွေ့ပြီး ပျမ်းမျှအမြင့်ဆုံးအပူချိန် ၄၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်၊ ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၁၁ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ လူဦးရေအားဖြင့် ၈၁၄၆၂၀ ဦးရှိသော မြို့လေးဖြစ်သည်။

မိတ္ထီလာဒေသတွင် စီးပွားရေးနှင့် ပတ်သက်၍ ကြီးမားသည့် စက်ရုံ၊ အလုပ်ရုံများမရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်းဝင်ငွေရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ လုပ်ငန်းမှန်သမျှတိုးတက်အောင်မြင်ရေးအတွက် တူညီသောလုပ်ဆောင်ချက်မှာ သုတေသနလုပ်ငန်းဖြစ်သည်။

လုပ်ငန်းတိုင်း၊ လုပ်ငန်းတိုင်းအတွက် သုတေသနလုပ်ငန်းသည်လည်း အရေးပါလှသည်။ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်ပြီး ခြေခြေမြစ်မြစ်သိရှိစေဖို့ရာ စူးစမ်းရှာဖွေကြရမည်ဖြစ် သည်။ လုပ်ငန်းနှင့်သက်ဆိုင်သော ကိစ္စတိုင်း သိသည်များလည်းရှိမည်။ မသိသေးတာလည်းရှိမည်။ သုတေသနလုပ်ငန်းများကိုဆောင်ရွက်ခြင်းသည် လုပ်ငန်းတိုင်းအတွက် နည်းမှန်လမ်းမှန်စနစ်တကျနှင့်လေ့လာဆန်းစစ်ပေးသည့် လုပ်ငန်းဖြစ်သည့်အတွက် နည်းပညာဆိုင်ရာအသစ်အဆန်းများကို ရှာဖွေတွေ့ရှိခြင်း၊ ဆောင်ရွက်ကြမည့် နယ်ပယ်အလိုက် ပညာရပ်ဆိုင်ရာတိုးတက်ခြင်း၊ သုတေသနရလဒ်များကြောင့် စီးပွားရေးအခွင့်အလမ်းများပွင့်လန်းခြင်း၊ အချက်အလက်ကိုအခြေခံ၍ ဆုံးဖြတ်ရသောကိစ္စများတွင် ကောင်းမွန်မှန်ကန်သောအထောက်အကူဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိစေသည်။

မိတ္ထီလာဒေသအနေဖြင့်လည်း စိုက်ပျိုးရေးနယ်ပယ်တွင် သီးနှံအထွက်နှုန်းတိုးတက်စေရေးအတွက် မိမိဒေသတွင်းရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့်ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၊ ဒေသခံများ၊ ရပ်မိရပ်ဖများ ညီညီညာညာလက်တွဲကာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ကုန်ထုတ်လုပ်ငန်းအတွက်လိုအပ်သော စိုက်ပျိုးရေးထွက်ကုန်များလုံလောက်စွာရရှိပြီး One Region One Product အဖြစ် မြန်မာမှသည် ကမ္ဘာအထိ ဈေးကွက်ထိုးဖောက်နိုင်မည်ဖြစ်သည်။

စာရေးသူအနေဖြင့် ဤဆောင်းပါးကို ရေးသားရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှန်တကယ်အောင်မြင်စေချင်သည့်ဆန္ဒဖြင့် ရေးသားခြင်းဖြစ်သည်။ ယခုဆောင်းပါးသည်လည်း မိတ္ထီလာဒေသတစ်ခုတည်းကိုသာဦးတည်ရေးသားခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံရှိ အခြားခရိုင်၊ မြို့များအနေဖြင့်လည်း စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး မိတ္ထီလာဒေသအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို မိမိတို့ဒေသများတွင်လည်း အတုယူကာ စိုက်ပျိုးရေးမှာ စိုက်ကေတိုးချဲ့ခြင်းထက် မိမိခရိုင်၊ မိမိတို့ဒေသမှာ သတ်မှတ်ပေးထားသည့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် မျိုး၊ မြေ၊ ရေ၊ နည်းလေးချက်ညီစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ မိမိတို့ဒေသရှိ တက္ကသိုလ်၊ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာန၊ ပညာရှင်များကလည်း သုတေသနလုပ်ငန်းများ လုပ်ဆောင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းမှန်သမျှတွင် သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက်များထားရှိသည်။ ထိုရည်မှန်းချက်များအတိုင်း အောင်မြင်စွာအကောင်အထည်ပေါ်လာစေချင်သည်။ သက်ဆိုင်သူအားလုံးက မိမိနိုင်ငံကို အမှန်တကယ်တိုးတက်စေချင်သည့်စိတ်၊ မိမိလုပ်ငန်းအောင်မြင်လိုသည့်စိတ်များဖြင့် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုပါက မည်သည့်လုပ်ငန်းမဆိုအောင်မြင်မည်ဟုလေးနက်စွာယုံကြည်သည်။

**တကယ်ဖြစ်ချင်တကယ်လုပ် အဟုတ်ဖြစ်ရမည်**ဆိုသည့်အတိုင်း နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ကျွန်တော်တို့အားလုံး ဖြစ်အောင်လုပ်ဆောင်ကြရမည်။ မဖြစ်နိုင်စရာအကြောင်းမရှိဟုလည်း ထင်မြင်မိပါသည်။ ဤနေရာတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖတ်ခဲ့မိသောပီမိုးနင်း၏ **“မသိသူကျော်သွား”** စာအုပ်ပါအကြောင်းအချက်ကလေးကို ကောက်နုတ်ဖော်ပြလိုသည်။ အဆိုပါစာအုပ်တစ်နေရာတွင် “မိုးဥတုများအတွင်း အလွန်တရာကြွယ်ဝသော ပထဝီမြေ မိခင်ကြီးသည် မိမိ၏ရင်ခွင်၌ မှီတင်းနေထိုင်ကြကုန်သော လူသတ္တဝါများအတွက် မြေဆီမြေနှစ်တို့ကို ဩဇာရသဓာတ်နှင့် ပြည့်စုံသောအပင်၊ အရွက်၊ အဥ၊ အသီးများအဖြစ်နှင့် ယူကြသုံးကြမီဝဲကြလေ့ဟု ပြောဆိုကာ ဖောဖောသီသီကြီးပေး၍ နေတတ်လေသည်။ ထိုပစ္စည်းများသည် ပေးခိုက်မှာပင်မယူလျှင် မြေဩဇာပြန်၍ဖြစ်ကြလေသည်။ အချို့သောအရပ်ဒေသများ၌ ကျေးတောသူ၊ ကျေးတောသားများသည် အများအားဖြင့် မိမိတို့စားသုံးရုံမျှသာယူကြရာ အလုပ်အကိုင်ဖြစ်လောက်အောင် ရှာဖွေခြင်းမပြုကြပေ။ လုပ်ကိုင်သူအနည်းငယ်မျှသာရှိလေရာ ကြွယ်ဝသောတောတောင်ချောင်း၊ မြောင်း၊ ကွင်းပြင်တို့သည်ကား အလုပ်ဖြစ်လောက်အောင် ငွေကြေးရလောက်အောင် လာရောက်မယူမင်သူတို့ကို မျှော်ကာဝမ်းနည်းလျက် ငါတို့ပေးလျက်နှင့်မျှ ယူဖော်မရဟုအသက်ရှိ၍ပြောနိုင်ကြချေက ညည်းတွားပြောဆိုကြပေလိမ့်မည်”ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့်အနှစ်ချုပ်ဆိုရသော် မိမိတို့ဒေသ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များကို ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ကာ အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း စီးပွားရေးလုပ်ငန်းများအောင်မြင်စွာဆောင်ရွက်လျက်ရှိသည့် မိတ္ထီလာကိုရည်ညွှန်းလျက် တိုက်တွန်းရေးသားအပ်ပါသည်။ ။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီနှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှု၊ စစ်ကိုင်းမြို့ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှု၊ နှစ် ၇၀၀ ပြည့် အားကစားခန်းမ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် အနီးစခန်း သာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျုံးအနောက်ဘက်ရှိ စည်ရှည်တံခါးကို ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ မြို့ရိုးအတွင်းဘက်ရှိ လှေကားများကို ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၁၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm) | ၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm) | ၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm) | ၄။ Myawady Webportal (https://myawady.net.mm) | ၅။ Myanmar National Portal (https://myanmar.gov.mm) |

# ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား အမည် သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်



ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား အမည်သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်ပွဲကျင်းပစဉ်။

နေပြည်တော် ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်ခုနစ်မြို့နယ်နှင့် ကယားပြည်နယ် မြို့နယ်သုံးမြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ ဆား အမည် သုံးမျိုးနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမည် သုံးမျိုးနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၂၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အားကစားအသင်းများ၏ ပထမနေ့ ပွဲစဉ်ဖြစ်သည့် မြိတ်တပ်နယ်အသင်းနှင့် တနင်္သာရီ ရေတပ်စခန်းဌာနချုပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြုအသင်း ဒိုင်းဆုရရှိ

နေပြည်တော် ဇူလိုင် ၂၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ပြုလုပ်သည့် တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) ကိုယ်စားပြုအသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များတက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) ကိုယ်စားပြုအသင်းနှင့် အင်ဂျင်နီယာတပ်ဖွဲ့ ကိုယ်စားပြုအသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး) ကိုယ်စားပြုအသင်းတို့ကို ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၂၁

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် အားကစားရုံ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် တိုက်ကြီးတပ်နယ် ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**၂၀၂၅ ခုနှစ် ဇူလိုင် ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၆ ဦး၊ တရုတ်နိုင်ငံသား ၁၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦး၊ နီပေါနိုင်ငံသားတစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ သီရိလင်္ကာနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ၅၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့်ပြည်ပနိုင်ငံသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။


နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ဝီဖာ" (WIPHA)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ ညနေမှ ဇူလိုင် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဟောက်ခန့်ဆုမ်း<br>ကနေဒါနိုင်ငံဆိုင်ရာ<br>မြန်မာသံအမတ်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာတိုးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| ( ခ ) | ဒေါ်သူဇာရှိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# သံအမတ်ကြီး ဦးဇော်ဇော်စိုး ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇော်ဇော်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ယမန်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်မဟာ ဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာ ကလောင့်ကျောင့်ယူဟူဝါထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# AFF U–23 Championship ဘောလုံးပြိုင်ပွဲ မြန်မာယူ-၂၃ အသင်းနှင့် ထိုင်းယူ-၂၃ အသင်းတို့ အုပ်စုဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၁**

၂၀၂၅ ခုနှစ် အာဆီယံ အသက် ၂၃ နှစ်အောက် AFF U – 23 Championship အမျိုးသားဘောလုံးပြိုင်ပွဲ၏ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာ ယူ – ၂၃ အသင်းနှင့် ထိုင်း ယူ – ၂၃ ဘောလုံးအသင်းတို့သည် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ည ၇ နာရီ ၁၅ မိနစ်မှစတင်၍ MRTV Parliament Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ဝတ္ထုတိုကလျာ

# နေဝင်ချိန်

**ထွန်းလှိုင်(မြိုင်)**



**ယမန်နေ့မှအဆက်**

ဒီနေ့စနေမှာ တကယ်တော့ ဦးတင်မောင်က သူ့ရင်ထဲက ခံစားချက်တွေကို ရင်ဖွင့်တော့မယ်။ အမေ့အလိုကျ ဆန္ဒပြည့်တော့မယ်။ လူပျိုကြီးဘဝကလဲ ကျွတ်တော့မယ်။ ဒေါ်သူဇာမြင့်ကို ချစ်သူအဖြစ် ဖွင့်ပြောရုံတင်မက လက်ထပ်တော့မဲ့ အခြေအနေထိ ဖွင့်ပြောလိုက်မယ်လို့ စိတ်ထဲမှာကျိတ်ပြီး ပျော်နေမိတယ်။ ရင်တွေလဲ ခုန်နေတယ်။ ဘယ်က ဘယ်လို စပြောရမှန်းမသိ။ တစ်ခါမှလဲ ရည်းစားစကား မပြောဖူးဘူး။ ကိုယ့်ဘက်ကတော့ တစ်ဖက်သတ် သေချာနေပြီ။ ဒေါ်သူဇာမြင့်အနေနဲ့လဲ ဦးတင်မောင်ကို ဘာမှ ငြင်းစရာမရှိဟု သေချာပေါက် တွက်ထားတယ်။ မုန့်ဆီကြော် ဘယ်မှာနေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပွဲ့မလား။ ကိုယ့်ဘက်က အပိုင်တွက်ထားတယ်။ နာရီတကြည့်ကြည့်နဲ့ ၈ နာရီကလဲ ထိုးခဲလိုက်တာနော်။ ဒေါ်သူဇာမြင့်ကို မျှော်ရင်းနဲ့ ထိုင်လိုက်ထလိုက်ဖြစ်နေပြီ။ ၉ နာရီခွဲလောက်မှာ ဒေါ်သူဇာမြင့်ရဲ့ ဒေါက်ဖိနပ်သံ ကြားရတယ်။ ဒေါ်သူဇာမြင့်တစ်ယောက် ခါတိုင်းလို ရုံးဝတ်စုံနဲ့မဟုတ်။ ငှက်ပျောညွန့်ရောင်၊ အဖြူရောင်ပန်းခက်နဲ့ မိတ်ကပ်ခပ်ပါးပါးလိမ်းထားပြီး နှုတ်ခမ်းနီ မသိမသာ ဆိုးထားတယ်။ သူ့ရဲ့ ရှည်လျားတဲ့ ပိတုန်းရောင်ဆံကေသာကြော့ကြော့လေးချထားတယ်။ ကြည့်လို့ကောင်းလိုက်တာ။ ဒီနေ့ ဒေါ်သူဇာမြင့်တစ်ယောက် ပိုလှနေတယ်။ ပိုပြီး မြူးကြွနေတယ်။ သူစီးနေကျ ဒေါက်ဖိနပ်သံနဲ့အတူ ဦးတင်မောင် ရုံးခန်းထဲကို တစ်လှမ်းချင်းလှမ်းလာရင်းနဲ့ ကန့်ကလျ ဝင်လာတယ်။ လက်ထဲမှာပါလာတဲ့ အထုပ်တွေကို ဦးတင်မောင်စားပွဲပေါ်တင်လိုက်ပြီး-

"ဆောရီးပဲ အစ်ကိုကြီးရယ် သူဇာ နည်းနည်း နောက်ကျသွားတယ်။ သောကြာနေ့ ည ၇ နာရီလောက်မှာ မောင် မန္တလေးက ရောက်လာတယ်။ အစ်ကိုကြီးစားဖို့ဆိုပြီး မန္တလေးက ထိုးမုန့်၊ ရွှေကြည်ဆန္ဒင်းမကင်း၊ ပန်းသီးတွေပါ ပါလာတယ်"

ရောခက်ချေပြီ။ ဦးတင်မောင်တစ်ယောက် မျက်လုံး အပြူးသားနဲ့ ဒေါ်သူဇာမြင့်ကို စိုက်ကြည့်တယ်။

"သူဇာရဲ့ မောင်ဆိုပါလား။ ဘုရား ဘုရား မောင်ဆိုတော့ သူဇာအောက်က အငယ်မောင်လေးပဲ ဖြစ်မယ်ထင်တယ်။ တစ်ခါမှလဲ သူဇာ မပြောဖူးပါလား။ ဟုတ်မှာပါ သူဇာရဲ့မောင်လေးပဲ ဖြစ်နေမှာပါလို့ စိတ်ထဲမှာ တွေးနေမိတယ်။

"အစ်ကိုကြီး အခု သူဇာလေ မန္တလေးကိုပြောင်းဖို့ အမိန့်ကျလာပြီ။ မောင်က တစ်ခါတည်းယူလာတာ။ ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်။ အခု သူဇာလေ မောင်နဲ့အတူနေရတော့မယ်။ အဖြစ်က ဒီလိုပါ အစ်ကိုကြီးရယ်။ မောင်က ရန်ကုန်စီမံကိန်းမှာ ဒုဦးစီးလေ။ သူဇာက မန္တလေးကုန်သွယ်ရေးရုံးမှာ လုပ်တယ်။ လက်ထပ်ပြီး သုံးလလောက်မှာ မောင်နဲ့ အတူနေရအောင်ဆိုပြီး သူဇာက ရန်ကုန်ကို လျှောက်တယ်။ နှစ်လလောက်ကြာတော့ မောင်က ရာထူးတိုးနဲ့ မန္တလေးစီမံကိန်းရုံးကို ပြောင်းရတယ်။ အခုတစ်နှစ်ပြီးတော့ မောင်က မန္တလေးကရုံးကိစ္စနဲ့ ဆင်းလာရင်း သူဇာ့အပြောင်းအရွှေ့ကိစ္စကိုပါ တစ်ခါတည်း လုပ်လိုက် တာ။ အခုတော့ အဆင်ပြေသွားတယ်လေ။ သူဇာ မန္တလေးကို ပြန်ပြောင်းရတော့မယ် အစ်ကိုကြီးရဲ့။ ဝမ်းမသာဘူးလားဟင်"

ဒေါ်သူဇာမြင့် ပြောတဲ့စကားတွေ နားထောင်ရင်း ဦးတင်မောင် ဘာမှ ပြန်မပြောနိုင်။ ဒေါ်သူဇာမြင့်ကို ကြည့်ရင်း ကိုယ့်ကိုယ်ကိုယ် အသက်ရှုရပ်သွားသလား အောက်မေ့ရတယ်။ ဒီနေ့တော့ ဒေါ်သူဇာမြင့်နဲ့တွေ့ရင် ရင်ထဲက ခံစားချက်တွေ ဖွင့်ပြောတော့မယ်လို့ တွေးထားခဲ့တာ။ အခုတော့ ခဲလေသမျှ သဲရေကျ ဖြစ်သွားပြီ။ ကိုယ့်အဖြစ်ကို ဒေါ်သူဇာမြင့် မသိရှာ့လေသလား။ သိလျက်နဲ့ ဟန်ဆောင်နေတာလား။ ရုံးမှာတွေ့တိုင်း ရေလာမြောင်းပေးပြောတဲ့ စကားတွေကို အမြဲပဲပြုံးပြီး နားထောင်ပေးခဲ့တာ။ အဲဒီတုန်းက အကျိုးအကြောင်းကို ပြန်ပြောခဲ့ပါလား။ ဘာလို့ ငြိမ်ပြီးနားထောင်ခဲ့သလဲ။ အခု ဒေါ်သူဇာမြင့်က ကရားရေလွှတ်သလိုပြောနေလိုက်တာ မောင် မောင်နဲ့ တစ်မောင်တည်း မောင်နေလိုက်တာ။ အခုမှပဲ မောင်နဲ့အတူနေရတော့မယ်တဲ့။ ဦးတင်မောင် ခေါင်းတညိတ်ညိတ်လုပ်ရုံကလွဲပြီး ဘာမှ ပြန်မပြောနိုင်ခဲ့။ စိတ်ကို မနည်းထိန်းပြီး-

"ဒါဆိုလဲ ဒေါ်သူဇာမြင့် အမျိုးသားလဲ ရောက်နေတယ်။ ပြောင်းရွှေ့ဖို့လဲ လုပ်ရအုံးမယ်ဆိုတော့ ပြန်ပြီးနားလိုက်ပါအုံး။ ကျွန်တော်လဲ မိတ်ဆွေတစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ပါ" လွှတ်ခနဲထွက်လာတဲ့စကားဖြစ်ပါတယ်။

ဒေါ်သူဇာမြင့် ပြန်သွားတယ်ဆိုရင်ပဲ ဦးတင်မောင် အိမ်ကို အပြေးပြန်ခဲ့ရတယ်။

"သား ဘယ်လိုလဲ ရုံးမှာအလုပ်တွေရှိတယ်ဆို။ ထမင်းကော စားပြီးပြီလား။ မျက်နှာလဲ မကောင်းပါလား။ နေမကောင်းဘူးလား သားရယ်"

"ကောင်းပါတယ်အမေ"ဆိုပြီး တစ်ခွန်းပဲ ပြောလိုက်နိုင်တယ်။ ခုတင်ပေါ်လှဲနေလိုက်တယ်။

ကိုယ့်အဖြစ်ကို ရှက်လဲရှက်မိတယ်။ ဒေါ်သူဇာမြင့်ကို အိမ်ထောင်ရှိမှန်းမသိခဲ့လို့ စိတ်ဝင်စားမိတယ်။ သူ့ရဲ့အပြုအမူတွေကြောင့် သာယာနေမိခဲ့တယ်။ ဒေါ်သူဇာမြင့်အနေနဲ့လဲ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို ဘာမှဖွင့်မပြောခဲ့။ ကိုယ်ကလဲ မေးမြန်းခြင်းမပြုခဲ့။

အခုတော့ ခက်ချေပြီ။ ဒေါ်သူဇာမြင့်ကို ဖွင့်ဟပြောပြမယ်။ သူနဲ့ အဆင်ပြေသွားပြီဆိုရင် အမေ့ကို ဖွင့်ပြောပြလိုက်တော့မယ်။ လက်ထပ်ပြီးရင် နှစ်ဦးသား ကမ္ဘာအနှံ့လျှောက်လည်မယ်။ ဟန်းနီးမွန်းခရီးထွက်မယ်ဆိုတဲ့ စိတ်ကူးတွေ ရေထဲမျောပါသွားပြီ။ ဩော်... ချစ်ဒုက္ခ တယ်ဆိုးပါလား။ တစ်ဖက်သတ် အချစ်ပဲ ရှိသေးတယ်။ နှစ်ဖက်သတ်အချစ်ဆိုရင် ဘယ်လောက်များ ခံစားလိုက်ရမယ်မသိ။

အဲဒီနောက်တော့ ဦးတင်မောင်က တုံ့ပြန်ခြင်း မရှိတော့တဲ့အတွက် မိခင်ဖြစ်သူကလဲ အိမ်ထောင်ပြုဖို့ကိစ္စ ဘာမှထပ်မပြောတော့။ အိမ်ထောင်ပြုဖို့ စိတ်ကူးရှိပုံမပေါ်ဘူးလို့ပဲ မိခင်က ယူဆထားတယ်။ ကိုယ့်အဖြစ်မှန်ကိုတော့ အမေမသိခဲ့ပါဘူး။

အမေက သားအိမ်ထောင်ပြုဖို့ စဉ်းစားတော့ ဆိုခဲ့တုန်းက ကျောင်းဆရာမ မခင်ထွေးမြင့်၊ မဝင့်ဝါဝါထည်၊ စာရေးမလေး မဖြူသီတာသိန်း အားလုံး အသီးသီးအိမ်ထောင်ကျကုန်ကြပြီ။ အမေ သဘောတူခဲ့တဲ့ ညီမလေးမလှမြင့်တစ်ယောက်လဲ ဦးတင်မောင်ရဲ့အဖြေကိုစောင့်ရင်းနဲ့ အခုတော့ အလယ်တန်းပြဆရာတစ်ယောက်နဲ့ အိမ်ထောင်ပြုခဲ့ပြီ။ အမေ သဘောတူလှတဲ့ မလှမြင့်ကို ခေါင်းညိတ်ခဲ့ရင် အကောင်းသား။ အဲဒီတုန်းက ရင်ထဲမှာ ဒေါ်သူဇာမြင့် ရှိနေတော့ အရိုးများသလေး၊ ချေးခါးသလေးနဲ့ အတွေးလွန်ခဲ့မိတယ်။ ရင်ထဲက တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ ဒေါ်သူဇာမြင့်ကလဲ အိမ်ထောင်ရှင်ဖြစ်နေပြီ။ နောက်ထပ် အချစ်သစ်ရှာရအောင်လဲ အသက်က မငယ်တော့။ အချစ်ဒုက္ခလဲ ဆက်မခံချင်တော့။ ဘယ်တော့မှ အိမ်ထောင်မပြုတော့ဟု ဆုံးဖြတ်ချက်ချလိုက်တော့တယ်။ အခုတော့ မိခင်ကြီးလဲ ကွယ်လွန်ခဲ့ပြီ။ မိမိလဲ အသက် ၆၀ ပြည့်လို့ အငြိမ်းစားပင်စင်နာတစ်ယောက်ဖြစ်ခဲ့ပြီ။

အိမ်ထောင်မရှိတဲ့အတွက် ပင်စင်စားဘဝ စားရေး၊ နေရေး အဆင်မပြေခဲ့တာလေးတွေ ကိုယ်တိုင်ကြုံတွေ့နေရတယ်။ အခုလဲ အိမ်ခေါ်ထားတဲ့ မောင်အောင်မြင့်လဲ ရွာပြန်သွားတာ တစ်ပတ်လောက်ရှိပြီ။ ဘယ်အချိန်မှ ပြန်ရောက်မယ်မှန်းမသိ။ ထမင်းကို ပျော့တစ်လှည့်၊ မာတစ်ခါ ရွှေခေါင်းပြောင်(ဘဲဥ)နဲ့ ဘယ်လောက်အထိ ခရီးသွားရအုံးမလဲဆိုတာမသိ။ စဉ်းစားနေရင်း အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်းသံကြားလို့ တံခါးထဖွင့်ပေးလိုက်တယ်။

မမျှော်လင့်ဘဲတွေ့လိုက်ရတဲ့အတွက် လုံးဝ အံ့ဩသွားတယ်။ မလှမြင့်ပါလား။ သူ့ယောကျ်ား ကျောင်းဆရာနဲ့အတူ ကလေးနှစ်ယောက်ကို လက်ကဆွဲလို့၊ အိတ်တွေ၊ ဆွဲခြင်းတွေနဲ့ မြင်တွေ့လိုက်ရတယ်။ ဒီတော့ မလှမြင့်က-

"အစ်ကိုကြီး ညီမလေးတို့ အခု ရန်ကုန်ကို ရုံးကိစ္စနဲ့လာတာ။ အစ်ကိုကြီးနဲ့ မတွေ့တာကြာလို့ အစ်ကိုကြီးကိုလဲ ကန်တော့ရင်း၊ ဘုရားလဲဖူးရင်းနဲ့ မိသားစုလိုက်လာခဲ့တာ။ အစ်ကိုကြီးအိမ်မှာ တစ်ပတ်လောက်တော့တည်းမှာနော်"

"ဟာ ညီမလေးကလဲ အမေမရှိတော့တဲ့ နောက်ပိုင်း ညီမလေးတို့မိသားစုပဲ ရှိတော့တာ။ ပျော်သလောက်သာနေကြပေတော့။ ဩော်... ဒါနဲ့ အစ်ကိုကြီးခေါ်ထားတဲ့ ကောင်ကလေးက ရွာပြန်နေတယ်။ ညီမလေးကိုယ်တိုင်ပဲ ချက်ပြုတ်ရတော့မယ်။ အစ်ကိုကြီးအတွက်လဲ အဆင်ပြေသွားတာပေါ့"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး။ ညီမလေး အစ်ကိုကြီး ကြိုက်တတ်တဲ့ဟင်းတွေ ချက်ကျွေးပါ့မယ်။ အစ်ကိုကြီးလဲ ညီမလေးလက်ရာ မစားရတာကြာပြီ မဟုတ်လား။ ပြီးတော့ အစ်ကိုကြီးအိမ်ထောင်မပြုဘဲ နေခဲ့တော့ ဟင်းကောင်းကောင်း စားရမှာမဟုတ်ဘူး"

"အင်း အစ်ကိုကြီးလဲ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်မကျဘဲ လူပျိုကြီးဖြစ်ရတာ ညီမလေးရေ"

မိမိအဖြစ်ကို ညီမလေး ဘယ်သိရှာမလဲ။

ဦးတင်မောင် ပင်စင်နာဘဝနဲ့ အသက် ၆၅ နှစ်ရှိခဲ့ပြီ။ တပည့်ကျော်အောင်မြင့်ကလဲ ရွာဘုရားပွဲပြန်စဉ် တစ်ခါတည်းမိန်းမပါယူသွားပြီမို့ အထီးကျန်ဖြစ်ရတော့တယ်လေ။ ဦးတင်မောင် ဒီမနက်ရောက်လာတဲ့ သတင်းစာခေါင်းစဉ်တစ်ခုကို စိတ်ဝင်စားမိ၍ ဖတ်ကြည့်မိတယ်။ ဘိုးဘွားရိပ်သာဖွင့်ပွဲသတင်းကို တွေ့လိုက်ရတယ်။ အဘိုး၊ အဘွား ၁၉ ဦးရှိပြီး ဆက်လက်၍စောင့်ရှောက်မည်ဖြစ်ကြောင်း၊ အဘိုး၊ အဘွားတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေးကအစ တာဝန်ယူ၍ ငွေပဒေသာပင် စိုက်ထူထားကြောင်း၊ စေတနာရှင်တစ်ဦးက ငွေကျပ်သိန်း ၅၀၀ ကျော် အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်းထားကြောင်း၊ ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီက လုပ်ငန်းအဝဝတို့ကို တာဝန်ယူစောင့်ရှောက်ပေးသွားမည် ဖြစ်ကြောင်း ဖတ်လိုက်ရတယ်။

စာမျက်နှာ ၂၆ သို့ ➤

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၉၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၉၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါဧက ၂၁၁၄၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်ဧကတွေကို ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ တောင်သူတွေ မျိုးကောင်းမျိုးသန့်တွေ လွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး တို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူများလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် အခြားသီးနှံများဖြင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ခြင်းကြောင့် ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းသုံးစွဲမှု ဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ဝါကိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရေဘဝဲပိသဿချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရေဘဝဲပိသဿချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းရေဘဝဲပိသဿချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရေဘဝဲပိသဿချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ရေဘဝဲပိသဿချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေထွက်တဲ့ ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဌေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၄၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှရေဘဝဲများ တင်ပို့မှု အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းကောင်းနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



➢ စာမျက်နှာ ၂၅ မှအဆက်

မှီတွယ်ရာခိုကိုးရာမဲ့ဖြစ်ခဲ့တဲ့ ဘိုးဘွားတွေရဲ့ဘဝကို စိုပြည်ချမ်းမြေ့လာအောင် စောင့်ရှောက်ပေးတာက အင်မတန်မှမွန်မြတ်လှပါတယ်။ အဘိုး၊ အဘွားတွေရဲ့ဘဝဟာ မီးစာကုန်၊ ဆီခန်းပြီး မကြာခင်မှာပဲ လူ့ဘဝက စွန့်ခွာရတော့မှာ။ နေဝင်ချိန်ရောက်နေတဲ့ အဘိုး၊ အဘွားတွေကို နေမဝင်ခင်မှာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ နောင်သံသရာမှာ ဘဝကူးကောင်းအောင် ဆောင်ရွက်စီစဉ်ပေးတဲ့ စေတနာရှင်တွေရဲ့ စေတနာ၊ မေတ္တာဟာ စိန်၊ ပတ္တမြား၊ နီလာကျောက်တွေနဲ့ မလဲနိုင်ပါဘူး။ ဘာနဲ့မှလဲမနှိုင်းယှဉ်ပါဘူး။ အလှူရှင်တွေရဲ့ စေတနာ၊ မေတ္တာတရားဟာ လေးစားကြည်ညိုစရာပါလား။ လူတိုင်းဟာ နေဝင်ချိန်ကို ရောက်ကြရမှာပဲ။ အဘိုး၊အဘွားတွေကို အတတ်နိုင်ဆုံး အသက်ရှည်နိုင်သမျှရှည်အောင်စောင့်ရှောက်ဖို့ လူတိုင်းမှာတာဝန်ရှိတယ်။ ဦးတင်မောင်တစ်ယောက်လဲ နေဝင်ချိန်ဘက် တဖြည်းဖြည်းနဲ့နီးလာနေပြီ။ နေမဝင်ခင် စိတ်အေးလက်အေးနဲ့ ကိုယ့်ဘဝမှာ မှီခိုအားထားစရာ ဘိုးဘွားရိပ်သာကြီးကို မြင်ယောင်လာတော့တယ်။ ဒီသတင်းဟာ ဦးတင်မောင်အတွက် မင်္ဂလာသတင်းတစ်ခုပါပဲ။

နောက်ဆုံး ဦးတင်မောင် စိတ်ပိုင်းဖြတ်လိုက်တယ်။ မိမိရဲ့ အိမ်နဲ့ ခြံကိုရောင်းမယ်။ လိုအပ်ရင်သုံးဖို့ ဘဏ်မှာတချို့အပ်နှံလိုက်မယ်။ စာသင်တိုက်တွေမှာ စာသင်နေကြတဲ့ သံဃာတော်တွေအတွက် ဆွမ်းပဒေသာပင်စိုက်မယ်။ ညီမလေးသဖွယ်စောင့်ရှောက်ခဲ့တဲ့ မလှမြင့်တို့မိသားစုအတွက်နဲ့ တပည့်ကျော်အောင်မြင့်တို့ လင်မယားအတွက် ပံ့ပိုးပေးမယ်။ ပြီးတော့ ကျန်ငွေအားလုံးကို ဘိုးဘွားရိပ်သာမှာ ငွေပဒေသာပင်စိုက်ထူပြီး လှူဒါန်းနိုင်သလောက် ကုသိုလ်ယူမယ်။ ပြီးတော့ ကိုယ်တိုင်လဲ ဘိုးဘွားရိပ်သာမှာသွားနေပြီး တရားဘာဝနာပွားများမယ်။ ကိုယ့်ဘဝရဲ့နေဝင်ချိန်ကို ဘိုးဘွားရိပ်သာမှာပဲ...။

# ပြည်မြန်မာ အလှလွှမ်းအောင်

\- ဖြူစင်သော နှလုံးသား
မုန်းမပွား နေထိုင်ကာ၊
ကြင်နာ မေတ္တာစိတ်နှင့်
ကောင်းမြတ်သည်သာ၊
တို့ချစ်တဲ့ ပြည်မြန်မာ
သာယာပါစေသား၊
ခေတ်မီစွာ ဖွံ့ဖြိုးဖို့
ကြိုးစားစို့လား။

\- ခွဲခြားမည် အမှန်အမှား
အမြင်အကြား ကဏ္ဍစုံ၊
အတွေ့အကြုံ ဗဟုသုတ
ပြည့်ဝစေကုန်၊
ကြားစကား တို့မယုံ
ပညာခြုံ ဉာဏ်ရည်တင့်၊
တို့နိုင်ငံ အမျိုးသားရေး
မြော်မြင်တွေးသင့်။

\- နည်းစနစ်မှန် အခြေမြင့်လို့
မသွေဆင့်မည့် ကျက်သရေ၊
ဖွဲ့ လှံ့လ ဝီရိယများနှင့်
ကြိုးစားစို့လေ၊
ညီညွတ်ကြ နောင်ရင်းဆွေ
သွေးချင်းတွေ လက်ချင်းယှက်၊
ပြည်မြန်မာ အလှလွှမ်းအောင်
စွမ်းဆောင်ဖို့တွက်။ ။

**အဝေရာကိုကို**

# မင်းလှမြို့နယ် ဘုရားငုတ်တိုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မင်းလှ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဘုရားငုတ်တိုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက ဘုရားငုတ်တိုကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် တစ်ဖက်လျှင် အရှည်ပေ ၉၀၀၊ အကျယ် နှစ်ပေ၊ အမြင့်ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း အသုံးပြု၍ ဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ပရိသတ်ကို ဟောပြောမယ့်သူ

**ဗညားကျွန်းထော**

**နိဒါန်း**

ချစ်စွာသောစာဖတ်သူများ
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။
ဘေးဘယာတွေ ဝေးကွာကြပါစေ။

ပရိသတ်နဲ့တွေ့ဆုံပြီး စာပေဟောပြောပွဲတစ်ခု ဟောပြောရမယ်ဆိုရင် ပြက္ခဒိန်နဲ့ဒိုင်ယာရီမှာ မှတ်သားထားတဲ့နေ့ကစလို့ နေ့စဉ်၊ ညစဉ်ဘုရားဝတ်ပြုတိုင်း မေတ္တာပို့သပါတယ်။ ပရိသတ်ကိုဟောပြောမယ်ဆိုရင် ဘာတွေကြိုတင်ပြင်ဆင်ရပါသလဲလို့ အချို့မိတ်ဆွေတွေက မေးတတ်ပါတယ်။ မဖြစ်မနေလုပ်စေချင်တဲ့ ကြိုတင်လုပ်ဆောင်စရာ အလုပ်တစ်ခုကတော့ ပရိသတ်ကိုရည်မှန်းပြီး အကြိမ်ကြိမ်မေတ္တာပို့သခြင်းပါပဲလို့ စာရေးသူက ဖြေလေ့ရှိပါတယ်။

မေတ္တာစွမ်းအားတန်ခိုးကြီးမားပုံများကတော့ မြို့တကာ၊ ရပ်ကွက်တကာ၊ စာပေဟောပြောပွဲပေါင်းများစွာ ဟောပြောခဲ့ရာမှာ ဘယ်မှာမှ အနှောင့်အယှက်အတားအဆီး၊ အခက်အခဲ၊ အကျပ်အတည်း မရှိခဲ့ရဖူးပါဘူး။ စိတ်အေးချမ်းသာနဲ့ အောင်အောင်မြင်မြင် ပျော်ပျော်ရွှင်ရွှင် ပြီးမြောက်ခဲ့တာချည်းပါပဲ။ မြို့ပရိသတ်၊ တောပရိသတ်၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားပရိသတ်၊ အထက်တန်းကျောင်းသားအရွယ်ပရိသတ်၊ အရာရှိသင်တန်းသားပရိသတ်၊ ဗိုလ်လောင်းပရိသတ်၊ အလုပ်သမားဝန်ထမ်းပရိသတ်စသဖြင့် အရွယ်မျိုးစုံ၊ ပညာအဆင့်အတန်းမျိုးစုံ၊ လူတန်းစားအလွှာအမျိုးမျိုးနဲ့ တွေ့ကြုံခဲ့ရဖူးပါတယ်။ ဘာပြဿနာမှ မရှိခဲ့ဖူးပါဘူး။ အဆင်ပြေပြေချောမောတာချည်းပါပဲ။

အစစအရာရာ မေတ္တာပါတော့ အဆင်ပြေတာပေါ့။ ပရိသတ်အပေါ် ကြိုကြိုတင်တင်မေတ္တာဓာတ်ပို့လွှတ်ထားတဲ့နည်းဟာ အလွန်ထိရောက်ကြောင်း သေချာပါတယ်။ လူထုပရိသတ်ကို ဟောပြောမယ့်သူအတွက် ကြိုတင်သိရှိသင့်တဲ့အချက်များကို အပိုင်းအခြားခွဲပြီး အကျဉ်းမျှဆွေးနွေးတင်ပြလိုပါတယ်။

၁။ ဘာရည်ရွယ်ချက်နဲ့ဟောမှာလဲ(ဘာကြောင့်)
၂။ ဘာကိုဟောပြောမှာလဲ(အကြောင်းအရာ)
၃။ ဘယ်သူတွေကိုဟောပြောမှာလဲ(နားထောင်မယ့်ပရိသတ်)
၄။ ဘယ်အချိန်မှာဟောပြောမှာလဲ
(အချိန်၊ နေ့၊ ည)
၅။ ဘယ်နေရာမှာဟောပြောမှာလဲ(နေရာ၊ ကွင်းပြင်၊ ခန်းမ၊ ဓမ္မာရုံ၊ ရုံး)
၆။ ဘယ်လိုဟောပြောမှာလဲ(နည်းနာ)
၇။ ဘာတွေကိုပြင်ဆင်ရမလဲ
(ကြိုတင်ပြင်ဆင်မှု)

**ကြိုတင်ပြင်ဆင်**

ဘယ်သူတွေကိုပြောရမယ်၊ ဘာရည်ရွယ်ချက်နဲ့ပြောရမယ်။ ဘယ်သူတွေနဲ့အတူ ဟောပြောရမယ်စသဖြင့် ကြိုတင်သိရှိထားအောင် လေ့လာ၊ မေးမြန်းစုံစမ်းပါ။ အခြေအနေအရပ်ရပ်ကို ပြည့်ပြည့်စုံစုံသိရှိထားရင် အကောင်းဆုံး အံဝင်ခွင်ကျအောင် ဟောပြောနိုင်မယ်။ ဟောပြောရတာ ထိရောက်အောင်မြင်ပါတယ်။

ရည်ရွယ်ချက်နဲ့ သက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများကို လေ့လာစုဆောင်းပါ။ စုဆောင်းလို့ရသမျှကို သုတေသနကတ်ပြားလေးများမှာ ပထမမူကြမ်းရေးထားပါ။ လုံလောက်အောင်ပြောစရာတွေ စုံစုံလင်လင်ရပြီဆိုရင် ရတဲ့အချက်အလက်၊ အကြောင်းအရာကို နိဒါန်းပိုင်း၊ စာကိုယ်ပိုင်း၊ နိဂုံးပိုင်းရယ်လို့ အမှတ်စဉ်တွေ နံပါတ်တပ်ပြီးစဉ်ထားပါ။ နှစ်ခေါက်သုံးခေါက် စစ်ဆေးပြီး လိုတိုးပိုလျှော့တည်းဖြတ်ပါ။ အချိန် ၄၅ မိနစ်စာပဲ ပြောဖို့စီစဉ်သင့်ပါတယ်။ အခြေအနေအရ ၁၅ မိနစ်သာပြောပေးပါ။ နာရီဝက်ပဲပြောပါ စသဖြင့်၊ တစ်နာရီခွဲကြာအောင် ပြောပေးပါ စသဖြင့် တောင်းဆိုလာရင်လည်း ချုံ့နိုင်၊ ချဲ့နိုင်အောင် အရန်ပြင်ဆင်ထားရပါမယ်။

မှတ်စုတိုကတ်ပြားလေးများနဲ့ ပြောလေ့ရှိတာက ဒေါက်တာမတင်ဝင်း၊ ဆရာအောင်သင်း၊ ဆရာမောင်ဆုရှင် စတဲ့ဆရာကြီး၊ ဆရာမကြီးတွေက အတုယူစရာရပါတယ်။ တိကျတယ်၊ ရှင်းလင်းတယ်၊ အစီအစဉ်ကျနတယ်၊ အချိတ်အဆက်ထိမိတယ်။ ရည်ရွယ်ချက်ထိရောက်ကြတယ်။ ပရိသတ်အတွက် တန်ဖိုးရှိတဲ့ စကားကောင်းတွေ၊ ဗဟုသုတတွေ၊ စိတ်ဓာတ်ခွန်အားတွေ ရရှိစေပါတယ်။

မဟောပြောခင်ကတည်းက သေသေချာချာ လေးလေးစားစား အကြိမ်ကြိမ်ပြုစု၊ စုဆောင်း၊ တည်းဖြတ်ပြင်ဆင်မှုပြုခဲ့သူဟာ စင်ပေါ်ရောက်တဲ့အခါလည်း ပေါ့ပေါ့ပါးပါး၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ပရိသတ်ရဲ့အာရုံကိုဆွဲဆောင်ဖမ်းစားပြီး နှလုံးသားချင်း၊ ခံစားမှုချင်း တစ်ထပ်တည်းကျအောင် ရသအနုပညာနဲ့ ဟောနိုင်ပြောနိုင်တာပေါ့။

**❖ဟောပြောသူဟာ ပရိသတ်ကိုချစ်ခင်လေးစားတဲ့စိတ်နဲ့ မေတ္တာညွတ်ထားပြီးသားဖြစ်ရင် ပရိသတ်ကလည်း ဟောပြောသူကို ပြောအားရှိအောင် တုံ့ပြန်မှုကောင်းကောင်းနဲ့ အားပေးတာပေါ့။ လူထုဟောပြောပွဲဟာ အပြန်အလှန်အပေးအယူ စိတ်ချင်းချိတ်ဆက်ပြီး ပြောဆိုရတာမျိုးပါ။ အစကတည်းက မိမိကိုယ်ကို ယုံကြည်မှုရှိရပါတယ်။ သေသေချာချာ ပြင်ဆင်ခဲ့လို့ မိမိကိုယ်ကို ယုံကြည်လေလေ ပြောရတာ ပေါ့ပါးလွတ်လပ်ကျေနပ်စရာကောင်းတဲ့ ပရိသတ်မျက်နှာတွေကို မြင်ရလေလေပဲ။ ❖**

**မေတ္တာညွတ်ပါ**

အရေးကြီးတဲ့ နောက်တစ်ချက်က ဟောပြောသူဟာ ပရိသတ်ကိုချစ်ခင်လေးစားတဲ့စိတ်နဲ့ မေတ္တာညွတ်ထားပြီးသားဖြစ်ရင် ပရိသတ်ကလည်း ဟောပြောသူကို ပြောအားရှိအောင် တုံ့ပြန်မှုကောင်းကောင်းနဲ့ အားပေးတာပေါ့။ လူထုဟောပြောပွဲဟာ အပြန်အလှန် အပေးအယူ စိတ်ချင်းချိတ်ဆက်ပြီး ပြောဆိုရတာမျိုးပါ။ အစကတည်းက မိမိကိုယ်ကို ယုံကြည်မှုရှိရပါတယ်။ သေသေချာချာ ပြင်ဆင်ခဲ့လို့ မိမိကိုယ်ကို ယုံကြည်လေလေ ပြောရတာ ပေါ့ပါးလွတ်လပ်ကျေနပ်စရာကောင်းတဲ့ ပရိသတ်မျက်နှာတွေကို မြင်ရလေလေပဲ။

တိတိကျကျ အထောက်အထားပြသပြီး ဟောပြောဖို့လိုအပ်ရင်၊ ဓာတ်ပုံ၊ မြေပုံ၊ ပန်းချီကား၊ ဇယား၊ အဆိုအမိန့်၊ မှတ်ချက် စတာတွေကို ပြသနိုင်အောင် စီမံပါ။ သင်ကြားမှုအထောက်အကူပစ္စည်းတွေဟာ ဟောပြောချက်ကို ပိုမိုထိရောက်စေပါတယ်။

မိမိရဲ့ဟောပြောချက်ထဲမှာပဲ မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ၊ ဖြူစင်မွန်မြတ်တဲ့ ဟောပြောသူရဲ့ စိတ်ကောင်းစေတနာအလျောက် အောက်ပါအခြင်းအရာတွေဟာ ပရိသတ်ရင်ထဲ စီးဝင်ရောက်ရှိသွားတာပါ-

၁။ လူသားရဲ့အနာဂတ်အတွက် လုံခြုံတဲ့ဘဝ၊ အေးချမ်းသာယာတဲ့ဘဝရစေရေး၊
၂။ အောင်မြင်တဲ့ဘဝတစ်ခုကို မိမိကိုယ်တိုင်ဖန်တီးနိုင်စွမ်း၊
၃။ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးနဲ့အတူ စိတ်ဓာတ်စိတ်ထားဖြူစင်ဖြောင့်မှန်ရေး၊
၄။ တစ်ကိုယ်ရေလူမှုဘဝနဲ့ စိတ်ဓာတ်ဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊
၅။ လူမှုရေးတန်ဖိုးနဲ့ ယဉ်ကျေးမှုကိုလေးစားရင့်ကျက်မှု၊
၆။ အနုပညာခံစားမှုနဲ့ စိတ်ထားနူးညံ့မှု၊
၇။ ပြဿနာကို ကျိုးကြောင်းညီညွတ်စွာ အဖြေရှာဖြေရှင်းနိုင်စွမ်းရှိစေမှု၊
၈။ မိမိနဲ့မတူကွဲပြားတဲ့ အခြားလူသားတွေနဲ့လည်း စည်းလုံးညီညွတ်စွာ နေထိုင်တတ်၊ ပူးပေါင်းလုပ်ကိုင်တတ်မှု (Diversity and Unity)
၉။ ပြည်သူ့နီတိ(Civics Duty)၊ လူ့ကိုယ်ကျင့်တရား (Ethics)၊ လောကဝတ္တရား(Etiquette)
၁၀။ မိမိဘဝမြင့်မားရေးနဲ့အတူ နိုင်ငံ၊ လူမျိုး လူသားများကောင်းကျိုးကိုပါ အတူလက်တွဲ ဆောင်ရွက်လိုတဲ့စိတ်ထားများ ဖွံ့ဖြိုးလာစေခြင်း စတဲ့ကောင်းကျိုးတရားတွေပါ၊ တစ်နွယ်ငင်ရင်း တစ်စင်ပါနိုင်တာပါပဲ။

**အနုပညာ**

ပြောလည်းပြော၊ ပြလည်းပြ၊ စာပေဟောပြောတာကတော့ သုတသက်သက် မျှဝေတာထက် ရသနဲ့ အနုပညာလည်းပါမှသာ အသက်ဝင်ပါတယ်။

အများသူငါ ရပ်ရွာထဲမှာ ပြောလေ့ရှိတဲ့ဆိုရိုးစကားရှိတယ်မဟုတ်လား။ "အထိုင်မတတ်တော့ ဖြဲသလို။ အပြောမတတ်တော့ ဆဲသလို"တဲ့။ အပြောအဆို ချိုသာယဉ်ကျေးဖို့လည်း လိုအပ်ပေတာပေါ့။ ပုံပြင်လေးတစ်ပုဒ်ဖော်ပြပါရစေ။ သင်ခန်းစာယူစရာပါ။

အခါတစ်ပါးမှာ ဘုရင်က ထူးခြားတဲ့အိပ်မက်တစ်ခုမြင်မက်တယ်တဲ့။ ဒါနဲ့ နံနက်ညီလာခံမသွားသေးခင် သူ့အဆောင်တော်မှာ နက္ခတ်ဆရာတစ်ယောက်ကိုခေါ်ယူပြီး မေးသတဲ့။ အိပ်မက်က သူ့သွားတွေအကုန် ကျွတ်ကျတယ်လို့ မက်တယ်ဆိုပဲ။

နက္ခတ်ဆရာက ဒါကိုအနက်အဓိပ္ပာယ်ကောက်ယူရရင် "အရှင်မင်းကြီးရဲ့ သား၊ သမီးများဟာ မင်းကြီး နတ်ရွာမစံခင် ကွယ်လွန်သွားကြပါလိမ့်မယ်" လို့ တင်လျှောက်သတဲ့။ ဘုရင်က အမျက်တော်ရှပြီး ထိုနက္ခတ်ဆရာကို ထောင်သွင်းအကျဉ်းချစေပါသတဲ့။

နောက်ထပ် နက္ခတ်ဆရာတစ်ယောက်ကို ခေါ်စေပြီး မေးပြန်တယ်။ ဒုတိယနက္ခတ်ဆရာကတော့ "အတိတ်ကောင်း နိမိတ်ကောင်းပါဘုရား။ အရှင်မင်းကြီးဟာ သားတော်၊ သမီးတော်တို့ထက် ပိုမို၍ အသက်ရှည်မည်ဖြစ်ကြောင်း အနက်အဓိပ္ပာယ်ထွက်သည်ကို လျှောက်တင်အပ်ပါတယ်ဘုရား"လို့ ဟောသတဲ့။ ဘုရင်လည်းဝမ်းမြောက်ဝမ်းသာနဲ့ ဆုတော်လာဘ်တော်တွေ ပေးသနားတော်မူပါသတဲ့ဗျာ။

**မှန်ကန်ရဲရင့်**

ပုံပြင်ပြီးတဲ့အခါ ဆရာအောင်သင်းက အခြားပုံပြင်တစ်ခု မြန်မာပုံပြင်သုံးဆယ် စုဆောင်းဘာသာပြန်ထားတဲ့ ဒေါက်တာထင်အောင်ရဲ့ သုံးသပ်ချက်ကိုပါ ထည့်ရေးပြခဲ့ဖူးတယ်။ **"တရားသူကြီးတို့သည် တရားကို မချေဖျက်ရာ။ သို့တစေ စကားကိုပြေပြစ်စေရာ၏"တဲ့။** စကားဆိုတာ ပြေပြစ်ဖို့ရာ အရေးကြီးတာပဲ။

ဟောပြောသူက မယုံမရဲနဲ့ မဟောပြောရဘူး။ ရဲရဲဝံ့ဝံ့ယုံယုံကြည်ကြည် ပြောနိုင်ရမယ်။ ပြောရဲဆိုရဲရှိရတယ်။ ပြောတတ်ဆိုတတ်လည်းရှိရမယ်။ သတ္တိဆိုတာ အလွန်အရေးပါတဲ့ ကြွက်သားတစ်ခုလိုပဲ။ အသုံးပြုပါမှ ပိုမိုကြံ့ခိုင်သန်မာတယ်တဲ့။ ရှယ်ဂေါ်ဒွန်ဆိုတဲ့ စာရေးဆရာတစ်ဦးရေးခဲ့ဖူးတယ်။

**"ရဲရင့်မှုဆိုတာ လူသားတစ်ယောက်ရဲ့ ပထမအရည်အချင်းပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီအရာကသာ အခြားအရည်အချင်းတွေကို ထွက်ပေါ်လာစေရန် အာမခံနိုင်တာမို့ပါပဲ"**တဲ့ ခေါမပညာရှိကြီး အရစ္စတိုတယ် (Aristotle)ကပြောခဲ့ဖူးတာပဲ။

ပရိသတ်နှစ်သက်ပျော်ရွှင်အောင် ပုံပြင်လေးတွေ၊ ဇာတ်နိပါတ်တော်တွေ၊ ဖြစ်ရပ်၊ ဇာတ်လမ်းတွေ ပြောနိုင်အောင် လေ့လာစုဆောင်းထားရပါတယ်။

Humour is mankind's greatest blessing

**"ရီစရာမောစရာဆိုတာ အဆိုးထဲမှ အကောင်းဗျ။ ဘုရားသခင်ကပေးတဲ့ ကောင်းချီးပေးမှုတစ်ရပ်ပေပဲ"** လို့ အမေရိကန်စာရေးဆရာမတ်တွိန်း(Mark Twain) (၁၈၃၅-၁၉၁၀)က ရေးခဲ့ဖူးပါတယ်။

ကြည့်တတ်မြင်တတ်ရင် လောကကြီးထဲမှာ ရယ်စရာပြုံးစရာတွေက မရှားပါးပါဘူး။

**အပြုသဘောထား**

အကောင်းမြင်သဘောထား ဟောပြောသူမှာ ရှိဖို့လိုအပ်ပါတယ်။ စားပွဲပေါ်မှာ ရေတစ်ဝက်ထည့်ထားတဲ့ ဖန်ခွက်တင်ထား၊ လူတွေတစ်ယောက်ပြီးတစ်ယောက် သူတို့မြင်တာကို ပြန်ပြောခိုင်းတယ်။ သင်ဘာမြင်ခဲ့သလဲ။

ဖြေသူ နှစ်မျိုး ကွဲပြားကြတာ တွေ့ရတယ်။

တစ်မျိုးက "ဟာ ရေတစ်ဝက်လျော့နေတာမြင်ခဲ့ရတယ်"တဲ့။ နောက်တစ်ချို့က "ဖန်ခွက်ထဲမှာ ရေတစ်ဝက်တောင်ရှိနေသေးတာ တွေ့ရတယ်"တဲ့။

သူဘယ်လိုမြင်သလဲဆိုတာ သူကဘယ်လိုကြည့်မြင်သလဲဆိုတဲ့ ရှုမြင်ပုံပေါ် မူတည်တာပဲလေ။ အဆိုးမြင်ရှုထောင့်ကမကြည့်နဲ့၊ မဟောပြောလေနဲ့။ **အပြုအမြင်ဘက်ကရှုမြင်ဟောပြောရပါမယ်။**

လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် သေးသေးငယ်ငယ်လေးပဲ ကွဲပြားမှုရှိပါတယ်။ အဲဒါက **"သဘောထား"**ပါ။ အဲဒီ သဘောထားချင်း သေးသေးလေးကွဲပြားမှုဟာ လူလူချင်း အလွန်ကြီးမားတဲ့ အကြီးအကျယ်ကွဲပြားမှုကို ဖြစ်စေခြင်းပါပဲတဲ့။ အဲဒါ ဘာလဲ။ **အပြုသဘောထား**နဲ့ အပျက်သဘောထား။

လူထုဟောပြောသူတစ်ယောက်က အပျက်သဘောထားအမြင်နဲ့ အပျက်ဘက်ကပြောနေရင် ပရိသတ်ကို ချောက်ထဲတွန်းချနေတာပဲ။ ဆိုးကျိုးကိုသာဖြစ်စေမှာပေါ့။

**အဖြေပါစေ**

လောကမှာ လောကဓံတရားဆိုတာရှိတယ်လေ။ အမြဲလည်းကောင်းမနေဘူး။ အမြဲလည်းဆိုးမနေနိုင်ဘူး။ ဘာမဆို မမြဲတဲ့တရား(အနိစ္စသဘော အမှန်လက္ခဏာပေကိုး)ဘယ်လောက်ပဲဆိုးရွားခက်ခဲတဲ့ အကျပ်အတည်း အခြေအနေဖြစ်ပါစေ၊ အဖြေရှာရင် ရှိမှာပဲလေ။ လောကဓံကိုဒူးမထောက်၊ လက်မမြှောက်ဘဲရဲရဲဝံ့ဝံ့မိမိဘဝခရီးကို ဘယ်လောက်ပဲကြမ်းကြမ်း၊ အောင်မြင်အောင် ဆက်လျှောက်ရဲဖို့ အားပေးနိုင်ရမယ်။

ဟောပြောသူရဲ့ အသံနေအသံထား(cadence) အဲဒီအချက်ဟာ အရေးပါတယ်။ သူ့စိတ်သဘောထားက စကားလုံးတွေ၊ လေသံ၊ ဟန်ပန်၊ အတက်အကျ၊ အတင်အချတွေ ဖော်ပြနေကြတယ်။ ဥပမာ-

၁။ **စည်းချက်၊ တီးချက်** (Beat)
၂။ **အေးဆေးမှု၊ သွက်လက်မှု** (Pace)
၃။ **တုန်ခါသံ၊ ခုန်နှုန်း၊ ဗိုန်းမောင်းသံ** (Pulse)
၄။ **စည်းချက်၊ ကဗျာ့နရီ** (Rhythm)
၅။ **ရိုက်ချက်** (Stroke)
၆။ **အနှေးအမြန်၊ နရီ** (Tempo)

**နိဂုံး**

ဒါတွေ စာဖတ်သူသိပြီးသားတွေပါလေ။ ဒါတွေက နားထောင်သူရဲ့ နားထဲမှတစ်ဆင့် ရင်ထဲအသည်းနှလုံးထဲဆီသို့ရောက်အောင် အာရုံစူးစိုက်မှုနဲ့ ပို့နိုင်တာမဟုတ်လား။

# ရုရှားနိုင်ငံ ကမ်ချက်တာဒေသတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့



**မော်စကို ဇူလိုင် ၂၁**

ရုရှားနိုင်ငံ အရှေ့ဘက်စွန်းရှိ ကမ်ချက်တာဒေသတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်တစ်ခု ဇူလိုင် ၂၀ ရက်က လှုပ်ခတ်ခဲ့ကြောင်း ရုရှားနိုင်ငံ ငလျင်စောင့်ကြည့်ရေးအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်သည် ကမ်ချက်တာဒေသ၏ အရှေ့ဘက်ကမ်းရိုးတန်း၏အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းကြောင်း၊ ငလျင်ကို ကနဦးက ပြင်းအား ၆ ဒသမ ၇ ရှိကြောင်း ထုတ်ပြန်ခဲ့ရာမှ စစ်ဆေးမှုများပြုလုပ်ပြီးနောက် ငလျင်သည် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူ ရှိကြောင်း အတည်ပြုခဲ့သည်။

ငလျင်လှုပ်ခတ်ပြီးနောက် ဆူနာမီသတိပေးချက် ထုတ်ပြန်ခဲ့သော်လည်း ယနေ့တွင် အဆိုပါသတိပေးချက်ကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါငလျင် လှုပ်ခတ်ခဲ့ပြီးနောက် နိုင်ငံတွင်းရှိ လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ကြောင်း၊ သစ်ပင်များနှင့် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ငလျင်လှုပ်ခတ်ခဲ့သည့်အတွက်ကြောင့် အက်ကွဲကာပြိုကျလုနီးပါးအန္တရာယ်ရှိ အဆောက်အအုံများရှိသဖြင့် ကြံခိုင်မှုကို စစ်ဆေးပြီးမှသာ နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများနှင့် အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူတချို့ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ရုရှားနိုင်ငံ၏ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ရိုမေးနီးယားနိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်လာသဖြင့် အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထား

**ဘူခါရက် ဇူလိုင် ၂၁**

ရိုမေးနီးယားနိုင်ငံတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်လာသဖြင့် အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထားရကြောင်း ရိုမေးနီးယား အမျိုးသားမိုးလေဝသစီမံခန့်ခွဲရေး၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိ နိုင်ငံတွင် အဝါရောင် အပူလှိုင်းသတိပေးချက်ထုတ်ပြန်ထားပြီး အပူလှိုင်းဒဏ်ကို နိုင်ငံ၏ ခရိုင်လေးခုရှိ ပြည်သူများအဓိက ခံစားနေရကြောင်း၊ အဆိုပါခရိုင်များမှာ Caras-Severin၊ Mehedinti၊ Dolj၊ Olt နှင့် Teleorman ခရိုင်တို့ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် အပူချိန်သည် ပိုမိုပြင်းထန်လာကာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်လာသည့်အတွက် ယခင်က ထုတ်ပြန်ထားသော ခရိုင်လေးခုအပြင် အခြားခရိုင်များကိုပါ အပူလှိုင်းသတိပေးချက်ထုတ်ပြန်ရန် စီစဉ်နေကြောင်း သိရသည်။

ရိုမေးနီးယားနိုင်ငံ၏ နေ့ဘက်အပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်လာသော်လည်း ညဘက်တွင် အပူချိန်သည် ၂၀ ဒီဂရီစင်တီဂရိတ်အောက်ကို ပြန်လည်ကျဆင်းသွားသဖြင့် အပူ၊ အအေး မမျှတမှုကို ခံစားနေရကြောင်း၊ အပူအအေး အပြောင်းအလဲမြန်ခြင်းသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ စိုက်ပျိုးရေးအခက်အခဲများကို ဖြစ်စေကြောင်း ရိုမေးနီးယား အမျိုးသားမိုးလေဝသစီမံခန့်ခွဲရေး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# တောင်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူ ၁၄ ဦးထိ မြင့်တက်လာပြီး ပျောက်ဆုံးနေသူ ၁၂ ဦးထက်မနည်းရှိနေ

**ဆိုးလ် ဇူလိုင် ၂၁**

တောင်ကိုရီးယားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် သေဆုံးသူ ၁၄ ဦး၊ ပျောက်ဆုံးသူ ၁၂ ဦးထက်မနည်း ရှိကြောင်း တောင်ကိုရီးယား ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။





မြေပြိုမှုကြောင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးကာ နေအိမ်တချို့လည်း ပျက်စီးခဲ့ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူလည်းများပြားနေကြောင်း၊ မြေပြိုမှုကြောင့် ပျောက်ဆုံးနေသူ ၁၂ ဦးထက်မနည်းရှိနေပြီး ဂမ်ပြုံးမြို့တွင် ရေကြီးရေလျှံမှုအဆိုးရွားဆုံး အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ထို့ပြင် ဆိုးလ်မြို့တော်တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး မြစ်ချောင်းပေါ်များသည့်ဒေသများ၌ မြေပြိုကျမှုပြဿနာကို အဓိက ရင်ဆိုင်နေရကြောင်း သိရသည်။

"ဂမ်ပြုံးမြို့နဲ့ ဂွမ်ဂျူမြို့တောင်ဘက်ပိုင်းတို့မှာ ရေကြီးရေလျှံမှုတွေနဲ့ရင်ဆိုင်နေရပါတယ်။ မြေပြိုမှုတွေလဲ ဖြစ်ပေါ်နေတဲ့အတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေလဲ များပြားနေပါတယ်။ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့စဉ်တုန်းကတော့ သေဆုံးသူ သုံးယောက်လောက်ပဲ ရှိခဲ့တယ်။ အခု မြေပြိုမှုတွေ အခြေအနေဆိုးရွားလာခဲ့ပြီးတဲ့နောက် ဇူလိုင် ၂၀ ရက်ထိ သေဆုံးသူ ၁၄ ယောက်ထိ မြင့်တက်လာခဲ့ပြီး ပျောက်ဆုံးနေသူ ၁၂ ယောက်ထက်မနည်း ရှိနေပါတယ်။ ဒေသခံတချို့ဟာ ရေလွှမ်းနေတဲ့လမ်းကို မော်တော်ယာဉ်နဲ့ ဖြတ်မောင်းစဉ်မှာ မြေပြိုမှုကြောင့် သေဆုံးခဲ့တဲ့ဖြစ်စဉ်တွေလဲရှိနေတယ်။ နေအိမ်တချို့လဲ မြေပြိုကျမှုကြောင့် ပျက်စီးသွားခဲ့တယ်။ လောလောဆယ်အချိန်ထိတော့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အယောက် ၂၈၄၀ ထက်မနည်းရှိနေပါတယ်"ဟု တောင်ကိုရီးယား ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်ပြည်နယ် သဘာဝဘေးပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က ကန်ဒေါ်လာ ၇ ဒသမ ၅ သန်း ပံ့ပိုးသွားမည်

**အဘူဂျာ ဇူလိုင် ၂၁**

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်ပြည်နယ်တွင် ယခုနှစ်အတွင်း သဘာဝဘေး အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး သဘာဝဘေးဒဏ်ဖြင့် မကြာခဏ ရင်ဆိုင်ခဲ့ရကာ ပျက်စီးဆုံးရှုံးမှု မြင့်မားခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများပြုလုပ်ပေးနိုင်ပါက လူဦးရေလေးသန်းခန့်၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အတွက် အတားအဆီးများကိုလည်း အမြန်ဆုံးတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်းလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်ခဲ့သည်။

"နိုင်ဂျီးရီးယားနိုင်ငံ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ဒေသတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ ရန်ပုံငွေထဲကနေ ငွေကြေးပံ့ပိုးမှုပြုလုပ်သွားမှာဖြစ်ပါတယ်။ နိုင်ဂျီးရီးယားနိုင်ငံ သဘာဝဘေးဒဏ်သင့် ဧရိယာတွေအတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်" ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**



# ဝေလနိုင်ငံ ပမ်ဘရော့ခ်ရှိုင်းယားကောင်တီ၏ ကမ်းခြေရေိယာများတွင် ရေလွှမ်းမှုကာကွယ်ရေးအတားအဆီးများ တည်ဆောက်ရန်စီစဉ်နေ

**ကားဒစ် ဇူလိုင် ၂၁**

ဝေလနိုင်ငံ ပမ်ဘရော့ခ်ရှိုင်းယားကောင်တီရှိ ကမ်းခြေရေိယာများသည် မိုးရွာသွန်းမှုဖြစ်ပေါ်တိုင်း မြစ်ရေလျှံတက်ကာ လမ်းမကြီးများ ရေလွှမ်းပျက်စီးလေ့ရှိသည့်အတွက်ကြောင့် ရေလွှမ်းမှုကို ကာကွယ်နိုင်ရေးအတွက် အတားအဆီးများ တည်ဆောက်သွားရန်စီစဉ်နေကြောင်း ဝေလ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင် အတားအဆီးတည်ဆောက်သွားရေးကိုလည်း ပမ်ဘရော့ခ်ရှိုင်းယားကောင်စီဝင်များက ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ကာ အစီအမံများဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီထံသို့ အဆိုပြုလာခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပြုချက်ကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်ပြီး အတားအဆီးများ တည်ဆောက်သွားရေးကို အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတားအဆီးများ တည်ဆောက်သွားရေးအတွက် စတာလင်ပေါင် သန်း ၄၀ ထိ အသုံးပြုသွားရန် စီစဉ်နေကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ပမ်ဘရော့ခ်ရှိုင်းကောင်တီရဲ့ ကမ်းခြေတွေမှာ နှစ်စဉ်ရေလွှမ်းမှုပြဿနာနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ရေလွှမ်းတဲ့အချိန်မှာဆိုရင် လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်သွားတဲ့အတွက် ကမ္ဘာ့အသီးသီးမှာ ထိခိုက်နစ်နာမှုတွေ ရှိခဲ့တယ်။ ဒါကြောင့် ရေလွှမ်းမှုကို ကာကွယ်ပေးမဲ့ အတားအဆီးတွေကို အမြန်ဆုံးတည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု ပမ်ဘရော့ခ်ရှိုင်းယားကောင်တီ အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဆက်ဆံရေးနယ်ပယ်တိုးချဲ့လျက်ရှိသော စင်ကာပူနှင့်အိန္ဒိယနိုင်ငံ

**ဝင်းဇင်(သုတေသန)**

စင်ကာပူနှင့်အိန္ဒိယတို့သည် ၁၉၆၅ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သောကြောင့် ၂၀၂၅ ခုနှစ်တွင် နှစ် ၆၀ ပြည့်မြောက်မည့်ဖြစ်သည့်အပြင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးထူထောင်မှု ၁၀ နှစ်ပြည့်မြောက်သည့်အခါသမယလည်းဖြစ်သည်။ ထိုသို့သောအခါသမယ၌ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာသည် ယခုနှစ် ဇူလိုင် ၁၃ ရက်တွင် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေး ခရီးရောက်ရှိခဲ့သည်။

ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ခရီးစဉ်သည် တိုတောင်းသော်လည်း စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလအတွင်း အိန္ဒိယသို့ ငါးရက်ကြာလာရောက်လည်ပတ်ခဲ့သည့် ခရီးစဉ်အပြီး၌ အပြန်အလှန်သွားရောက်လည်ပတ်မှုပင်ဖြစ်သည်။ ဒေါက်တာအက်စ်ဂျိုင်ရှန်ကာသည် ခရီးစဉ် အတွင်း စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်၊ ဒုတိယဝန်ကြီးချုပ်၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ဂန်ကင်ယွန်း၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာယ်လာခရိရှန်နာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

စင်ကာပူသမ္မတ သာမန်ရှန်မူဂန်ရတ်နမ်၏ အိန္ဒိယခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီအဆိုပြုထားသော လုပ်ငန်းအစီအမံများတိုးတက်မှုရရှိရေး ဆက်လက်ဖော်ဆောင်သွားရန် ဆွေးနွေးခဲ့ကြသည်။ ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့သည် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးမှ ဘက်စုံလွှမ်းခြုံသော မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ခဲ့သည်။

ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာ၏ စင်ကာပူခရီးစဉ်သည် အစောပိုင်းက အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းအစီအမံများကို ဆက်လက်ဖော်ဆောင်ရန် အခွင့်အလမ်းထောက်ပံ့ပေးသွားရန်အပြင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အခွန်မူဝါဒများကြောင့်ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစားကာနှစ်နိုင်ငံကြား စည်းကြပ်ခွန်ကောက်ခံမှုဆိုင်ရာများအပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် အရေးပါသော တွင်းထွက်ပစ္စည်းများနှင့်စပ်လျဉ်း၍ အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကြား မြင့်တက်လာသော တင်းမာမှုများအပေါ် ဆွေးနွေးသွားရန်လည်း ဖြစ်သည်။ အိန္ဒိယနှင့်စင်ကာပူနိုင်ငံတို့သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ စည်းကြပ်ခွန်တိုးမြှင့်ကောက်ခံမှုနှင့် ရင်ဆိုင်ရလျက်ရှိသော်လည်း ၎င်းတို့နှစ်နိုင်ငံ၏ အခြေအနေသည် မလေးရှား၊ အင်ဒိုနီးရှား၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင် ပိုမိုကောင်းမွန်နေသည်ဟုဆိုနိုင်မည်ဖြစ်သည်။

ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ခရီးစဉ်သည် လွတ်လပ်သောကုန်သွယ်မှု Free Trade Agreement(FTA) နယ်ပယ်နှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေနိုင်စေမည်ဖြစ်သည်။ နယူးဒေလီအနေဖြင့် အိန္ဒိယ – အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုတွင် ကွာဟချက်ဖြစ်ပေါ်လျက်ရှိသဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ကုန်သွယ်မှုစာချုပ်များကို အပြီးသတ်ခဲ့သည်။

အာဆီယံဒေသတွင် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်ဖြစ်သည့်အပြင် ဒေသတွင်း၌ အိန္ဒိယဝန်ဆောင်မှုကဏ္ဍများအတွက် ဗဟိုချက်မဖြစ်သော စင်ကာပူနိုင်ငံသည် အိန္ဒိယနိုင်ငံကို FTA ၌ ဆက်လက်ရပ်တည်သွားစေလိုသော ဆန္ဒရှိနေသည်။ သို့သော် အိန္ဒိယနိုင်ငံအနေဖြင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်များမှ နုတ်ထွက်သွားမည်ဆိုလျှင် စင်ကာပူနိုင်ငံသည် တိုးတက်လာသော နှစ်နိုင်ငံကုန်သွယ်မှု၌ အကောက်ခွန်ကိစ္စနှင့်ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ပြန်လည်သုံးသပ်သွားရန် လိုအပ်သည်။

စင်ကာပူနှင့်အိန္ဒိယနိုင်ငံတို့သည် လူသုံးကုန်ပစ္စည်းများကုန်သွယ်မှုတွင် တိုးတက်လျက်ရှိသည့်အပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ခြင်း၊ ရေနံဓာတုလုပ်ငန်းများ၊ စဉ်ဆက်မပြတ်တိုးတက်မှု၊ လေကြောင်းအာကာသကဏ္ဍတွင် ထိန်းသိမ်းပြုပြင်အလုံးစုံပြင်ဆင်ခြင်း Maintenance Repair and Overhaul (MRO) စသည့် နယ်ပယ်အသစ်များ၌ အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် စင်ကာပူ၏ ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးအမြတ်ရရှိရန်ပင်ဖြစ်သည်။



အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံသည် ၂၀၄၇ ခုနှစ်တွင် အလုံးစုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာရန် ကြိုးပမ်းလျက်ရှိသော်လည်း လက်ရှိအခြေခံအဆောက်အအုံလိုအပ်ချက်များ၊ မြင့်မားသော လုပ်ငန်းကုန်ကျစရိတ်များ၊ မြေယာဝယ်ယူအသုံးချရမှုများနှင့် ကျွမ်းကျင်လုပ်သားရှားပါးမှုများသည် အတားအဆီးများဖြစ်ပေါ်လျက်ရှိသဖြင့် စင်ကာပူကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံအနေဖြင့် အကူအညီပေးအပ်နိုင်မည်ဖြစ်သည်။

အလားတူ စင်ကာပူနိုင်ငံအနေဖြင့် အထက်တွင်ဖော်ပြထားသော အရင်းအမြစ်များ ပိုင်ဆိုင်ထားရှိသော်လည်း လုပ်သားနှင့်ဝန်ဆောင်မှုစရိတ်များ မြင့်တက်လျက်ရှိသည်။ ထို့ကြောင့် စင်ကာပူရှိ ရင်းနှီးမြှုပ်နှံသူများသည် ပြည်ပတွင်ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် ကြိုးပမ်းလာကြသည်။ တရုတ်နိုင်ငံသည် အရှေ့တောင်အာရှစီးပွားရေးတွင် အလွန်အမင်းလွှမ်းမိုးထားရှိသည့်အပြင် အာဆီယံနိုင်ငံများကြား ပြိုင်ဆိုင်မှုမြင့်တက်လျက်ရှိသောကြောင့် စင်ကာပူနှင့်အိန္ဒိယ၏ ရင်းနှီးသောဆက်ဆံရေးနှင့် ကုန်ကျစရိတ် တွက်ခြေကိုက်သော လုပ်သားနှင့်ဝန်ဆောင်မှုလုပ်ငန်းများသည် စင်ကာပူနိုင်ငံကို အခွင့်အလမ်းများ ကမ်းလှမ်းပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုဗဟိုချက်မဖြစ်လာရန် စိတ်ဆန္ဒထက်သန်လျက်ရှိသည်။ သို့သော် လက်ရှိအချိန်တွင် စက်မှုလုပ်ငန်းများတွင် အရင်းအမြစ်နှင့် ကျွမ်းကျင်ပညာရှင်ရှားပါးမှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အိန္ဒိယအီလက်ထရွန်နစ်နှင့် တစ်ပိုင်းလျှပ်ကူးအသင်း The India Electrenics and Semiconduator Association (IESA) သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုဆိုင်ရာ သင်တန်းအတွက်စင်ကာပူသို့ လုပ်သားများစေလွှတ်ရန် စီစဉ်ထားရှိသည်။ စင်ကာပူသမ္မတ၏ အိန္ဒိယခရီးစဉ်အတွင်း ဩဒိရှာပြည်နယ်ရှိ ကျွမ်းကျင်တိုးတက်မှုနှင့် နည်းပညာဆိုင်ရာပညာရေးဌာနနှင့်စင်ကာပူ ITE ပညာရေးဝန်ဆောင်မှု (ITEES) တို့ကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့သဖြင့် အိန္ဒိယလုပ်သားများကို စင်ကာပူနိုင်ငံ၌ လေ့ကျင့်ပေးနိုင်သည့်အခွင့်အလမ်းများ ကမ်းလှမ်းပေးခဲ့သည်။

အလားတူစင်ကာပူနိုင်ငံသည် MRO ကဏ္ဍ၌ လွှမ်းမိုးထားသကဲ့သို့ အိန္ဒိယနိုင်ငံအနေဖြင့်လည်း MRO အတွက် ကမ္ဘာ့ဗဟိုချက်မဖြစ်လာရန် စိတ်အားထက်သန်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ MRO ဈေးကွက်သည် လက်ရှိအချိန်၌ အမေရိကန်ဒေါ်လာ တစ်ဒသမခုနစ်ဘီလီယံတန်ဖိုးရှိပြီး ၂၀၃၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာလေးဘီလီယံထိရရှိရန် ရည်မှန်းထားရှိသည်။ အိန္ဒိယအစိုးရသည် အခွန်ကောက်ခံမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုများ စတင်မိတ်ဆက်ခဲ့ပြီး အဲယားဘတ်စ်၊ ဟင်ဒူစတန်လေကြောင်း ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကြီးမြင့်မှု၊ အခြေခံအဆောက်အအုံကွာဟချက်၊ ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ တင်းကျပ်မှုများသည် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကို အတားအဆီးဖြစ်စေလျက်ရှိသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် နယူးဒေလီ၏ မျှော်မှန်းချက်များအောင်မြင်ရန် အထောက်အကူပြုစေမည်ဖြစ်သည်။

အိန္ဒိယအစိုးရသည် အရှေ့တောင်အာရှနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာအားကောင်းအောင် လုပ်ဆောင်နေသည့်အချိန်တွင် ကိုယ်ပိုင်ရည်မှန်းချက်များ ပြည့်မီရေးကြိုးပမ်းနေသည့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များစွာအနေဖြင့်လည်း အရှေ့တောင်အာရှနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရန် ကြိုးပမ်းလျက်ရှိကြသည်။ ဩဒိသပြည်နယ် ဝန်ကြီးချုပ်၏ စင်ကာပူခရီးစဉ်ပြီးနောက် စင်ကာပူသမ္မတသာမန်ရှန်မူဂါရတ်နမ်၏ ဩဒိသခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် စင်ကာပူနိုင်ငံသည် ဩဒိသပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လျက်ရှိသည်။

ဩဒိသကဲ့သို့ပင် အိန္ဒိယနိုင်ငံ၏ အခြားပြည်နယ်များသည်လည်း အရှေ့တောင်အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန်ကြိုးပမ်းလျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံ၏သံခင်းတမန်ခင်းဆိုင်ရာ ကြိုးပမ်းမှုများကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သာဓကအနေဖြင့် ၂၀၂၅ ခုနှစ် အစောပိုင်းကာလတွင် အာသန်ပြည်နယ် IT နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီး ကက်ရှတ်မဟန်တာသည် အာသန်ရင်းနှီးမြှုပ်နှံမှုနှင့်အခြေခံအဆောက်အအုံ ထိပ်သီးဆွေးနွေးပွဲကို အဆင့်မြှင့်တင်ရန်နှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ကြားရန် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ထို့ပြင် စင်ကာပူနိုင်ငံသည် အာသန်ပြည်နယ် မြို့တော်ဂူဝါဟာတီပတ်ဝန်းကျင်၌ ဂြိုဟ်တုမြို့တော်ကို သုတေသနပြုတည်ဆောက်ထားရှိသည်။ ၂၀၂၅ ခုနှစ် တမီးနာဒူးလ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအစည်းအဝေးကာလတွင် စင်ကာပူနိုင်ငံသည် အခြေခံအဆောက်အအုံ၊ နည်းပညာ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေတာစင်တာများတွင် အမေရိကန်ဒေါ်လာ ငါးဘီလီယံရင်းနှီးမြှုပ်နှံသွားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် စင်ကာပူနိုင်ငံနှင့်တမီးနာဒူးလ်တို့သည် တမီးနာဒူးလ်ပြည်နယ်၊ ကျူတီကိုရင်မှ စင်ကာပူနိုင်ငံသို့ ချိတ်ဆက်သွားမည့်အစိမ်းရောင်စင်္ကြံကို တည်ဆောက်လျက်ရှိသည်။

အိန္ဒိယစက်မှုပညာရှင် တာရွန်ဒတ်စ်ကအခွင့်အလမ်းများနှင့် လုပ်ငန်းသစ်များစွာ ရှိနေသော်လည်း အလွန်အမင်းကွဲပြားသည့် စနစ်များနှင့် လုပ်ငန်းစဉ်များရှိနေသောကြောင့် အိန္ဒိယနှင့်စင်ကာပူတို့ကြားတွင် ချိတ်ဆက်မှုကွာဟချက်ရှိနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် ခက်ခဲကျပ်တည်းသော မြေယာနှင့်မှတ်ပုံတင်လုပ်ငန်းစဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်း အပေါ်မြင့်မားသည့် အခွန်စည်းကြပ်မှုများနှင့်ရှုပ်ထွေးသော စာရွက်စာတမ်းလုပ်ငန်းများနှင့် တခြားသောအကြောင်းအရာများသည် အလယ်အလတ်အရွယ်ရှိ စင်ကာပူကုမ္ပဏီများကို အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန် အခက်အခဲဖြစ်ပေါ်စေလျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံကို စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည့်မြို့နယ်များ ကမ်းလှမ်းထားသလို ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံကိုလည်း အလားတူကမ်းလှမ်းသွားသင့်ကြောင်း၊ အဆိုပါ မြို့နယ်များသည် အိန္ဒိယနိုင်ငံတွင် လုပ်ငန်းတိုးချဲ့လုပ်ဆောင်လိုသော ကုမ္ပဏီများကို ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးပြီးအုပ်ချုပ်မှုဆိုင်ရာ အတားအဆီးများကို ဖြေလျှော့ပေးနိုင်မည်ဖြစ်ကြောင်း ထောက်ပြပြောဆိုသွားခဲ့သည်။

စင်ကာပူ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးသည် အလားအလာကောင်းများ ကမ်းလှမ်းပေးလျက်ရှိသည်။ အထူးသဖြင့် ဒေသတွင်း၌ စိန်ခေါ်မှုနှင့်အားနည်းချက်များရှိနေသည့်အချိန်တွင် အခွင့်အလမ်းများ ကမ်းလှမ်းပေးလျက်ရှိသည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ စင်ကာပူခရီးစဉ်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

ဆိုရလျှင်၂၀၂၅ ခုနှစ်သည် စင်ကာပူနှင့်အိန္ဒိယတို့အတွက် သံတမန်ထူထောင်မှု နှစ် ၆၀ ပြည့်မြောက်သလိုဘက်စုံလွှမ်းခြုံသော ဆက်ဆံရေးထူထောင်မှု ၁၀ နှစ်ပြည့်မြောက်သည့်နှစ်လည်းဖြစ်သောကြောင့် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ၏ ခရီးစဉ်သည် မူလကတည်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအစီအမံများ ဆက်လက်အကောင်အထည်ဖော်ရန်အပြင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အသစ်များ ဆွေးနွေးရန်အတွက် အထောက်အကူပြုစေမည်ဖြစ်သည်။

**ကိုးကား**

**– Jaishankar’s Singapore Visit : An Oppor tunity to Take Stock of India–Singapore Ties by The Diplomat.**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပဲစင်းငုံ ၁၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၀၂၁၁ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၀၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲစင်းငုံကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၉၀၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြည် ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ဘန့်ပြင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘန့်ပြင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ဘန့်ပြင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၁၉ ဒသမ ၈၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၁၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို ရန်ပုံငွေကျပ် ၃၅ ဒသမ ၀၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုညို

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ငွေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကဏန်းပျော့ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇွန်လအတွင်းမှာ ရန်ကုန်ဈေးကွက်ကို ကုန်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကဏန်းပျော့ဈေးက လတ်တလောအနေနဲ့ ငြိမ်နေပါတယ်။ ဒီဘက်ကနေထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေရပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ငွေးက ပြောပြသည်။



ငပုတောမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါကဏန်းများ အရောင်းအဝယ်ကောင်းမွန်ပြီး ပုံမှန်တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကြံခင်းမြို့နယ် ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြံခင်း ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း နှစ်ရွာတစ်ယူနစ်ဖြင့် ဆောင်ရွက်သော ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရေငံကျေးရွာစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်း ကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂ ဒသမ ၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေငံကျေးရွာနှင့် အေးချမ်းမာလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၄၁ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၁၇ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သံသာ

# ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်မင်းထွန်း၊ လယ်ဝေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် တာဝန်ရှိသူများက ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းအရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ညောင်ကုန်းခေတ်မီစံပြကျေးရွာ၌ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားတစ်ပေ၊ သဲဖြန့်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၃ ဒသမ ၉၂၇၈၄၈ သန်းဖြင့် ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ အဆိုပါကျေးရွာမှ ထွက်ရှိသည့် စပါး၊ ပြောင်း၊ ပဲနှင့် နှမ်းများ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်







## အသုံးပြုနေဆဲ သစ်စက်အပိုပစ္စည်းများရောင်းရန်ရှိသည်

ဆက်သွယ်ရန် ၀၉-၄၃၁၀၂၈၇၆

| စဉ် | စက်အမည် |
|---|---|
| 1 | 42" Band Saw(With Carriage) |
| 2 | 36" Band Saw |
| 3 | Rip Saw |
| 4 | Radial Arm Saw |
| 5 | Two Side Planer |
| 6 | One Side Planer |
| 7 | Double End |
| 8 | Moulding Machine |
| 9 | 22" KD Container |
| 10 | မီးစက်(200–KVA/100–KVA) |

## သယ်ယူပို့ဆောင်ရေးအတွက် တင်ဒါခေါ်ယူခြင်း

Grand Royal Group International Co.,Ltd မှ ပြည်တွင်းဖြစ် အဖျော်ယမကာထုတ်ကုန်များကို နိုင်ငံတကာအဆင့်မီထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ကုမ္ပဏီ၏ထုတ်ကုန်ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ စက်ရုံ၊ ဂိုဒေါင်များမှတစ်ဆင့် ကုမ္ပဏီနှင့် အကျိုးတူလက်တွဲလုပ်ဆောင်နေသော မြန်မာပြည်အနှံ့ရှိ ကုန်သည်ကြီးများ၏ ဂိုဒေါင်အရောက် အလုပ်သမားခအပါအဝင် သယ်ယူပို့ဆောင်ရေးအတွက် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။ ၎င်းကုန်စည်ပို့ဆောင်ရေးကိုစိတ်ပါဝင်စားသော သယ်ယူပို့ဆောင်ရေးကုမ္ပဏီများအနေဖြင့် (၂၈-၇-၂၀၂၅)ထက်နောက်မကျဘဲ အောက်ဖော်ပြပါတာဝန်ရှိသူထံ ဆက်သွယ်မေးမြန်းပြီး တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ဒေါ်ဇင်မာဝင်

၀၉-၇၉၉၉၆၇၂၉၄(တနင်္လာမှ သောကြာ ၈:၃၀ မှ ၅:၃၀ ထိသာ)

**Email Address:** zinmarwin@grandroyal-group.com




## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12(သရဖီ)ခန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းဦး(၉/နထက(နိုင်)၀၀၂၄၆၂)၏သမီး မရွှေဇင်ဦး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မရွှေစင်ဦး ဖြစ်ပါကြောင်း။

မရွှေစင်ဦး(၉/နထက(နိုင်)၂၃၀၁၆၅)

## အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လင်းလက်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော (ဘ) စိုင်းကွမ်းလှိုင်း၏သား စိုင်းထင်ထက်ကျော်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ စိုင်းထက်ထင်ကျော်ဖြစ်ပါကြောင်း။

စိုင်းထက်ထင်ကျော်

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12(A)တွင် ပညာသင်ကြားနေသော မဆောင်းနှင်းဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်မြ ဖြစ်ပါကြောင်း။ ဦးအောင်မြ(၉/ဝတန(နိုင်)၁၂၉၈၁၉)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။



❖ စည်းကမ်းဆိုသည်မှာ လုပ်သင့် လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိစစ်သည်များကို သွားရောက်တွေ့ဆုံဂုဏ်ပြု၊ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိစစ်သည်များကို သွားရောက်တွေ့ဆုံဂုဏ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း ပညာရေးမှူးနှင့် ဆရာ၊ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။